ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ဝါခေါင်လဆန်း ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့၊ (25-8-2004)(၄၃၃၆)

သမဏာနဉ္စ ဒဿနံ
တေံ မင်္ဂလ မုတ္တမံ။

ရဟန်းတော်များကို ဖူးမြော်ရခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ နိုင်ငံတကာအဆင့်မီ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ဆွေးနွေးမှာကြား

ကြည့်ရှုစစ်ဆေး

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံအတွက် စီစဉ်ထားရှိသော အထိမ်းအမှတ်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ရန်ကုန် ဩဂုတ် ၂၄

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ နိုင်ငံတကာအဆင့်မီ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂နာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဗဟိုဆောင်အစည်းအဝေးခန်းမ၌ ကျင်းပရာ စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ညီလာခံကျင်းပရေး ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် တာဝန်ရှိသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❁

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျ သဘာပတိအဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်း အစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၂၄

အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျ သဘာပတိအဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျ သဘာပတိအဖွဲ့ဝင်များဖြစ်ကြသော ဒေါ်ခင်နု၊ ဦးထွန်းရင်လော၊ ဦးယောအေးလု၊ ဦးမောင်လု(ခ) ဦးလုမြင့်၊ ဦးမြအေး၊ ဒေါက်တာမျိုးသန့်တင်၊ ဒေါက်တာဦးသိန်းဦးဘိုးစော၊

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❒

ဂျီအက်စ်အမ် စက်ပစ္စည်းများ စတင်ရောက်ရှိ မိုဘိုင်းတယ်လီဖုန်း တစ်သိန်းခန့် တပ်ဆင်ပေးမည်

ရန်ကုန် ဩဂုတ် ၂၄

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ဆောင်ရွက်မည့် ဂျီအက်စ်အမ်မိုဘိုင်း တယ်လီဖုန်းစနစ်များ တိုးချဲ့တပ်ဆင်ရန် လုပ်ငန်းများအတွက် ဂျီအက်စ်အမ် စက်ပစ္စည်းများ စတင်ရောက်ရှိလျက်ရှိသည်။

စာမျက်နှာ ၈ ကော်လံ ၅ သို့ ✳

ကြေးမုံ
The Mirror

ဆောင်းပါး အညွှန်း

ယနေ့အချိန်အခါ၌ နယ်စပ်ဒေသများ၏ ဖွံ့ဖြိုးတိုးတက်မှုမှာ လွန်စွာ မြန်ဆန်လျက်ရှိပေရာ ထိုအခြေခံကောင်းများကို ပိုင်ပိုင်နိုင်နိုင် ဆုပ်ကိုင်၍ ဆက်လက်ကြိုးပမ်းစွမ်းဆောင်သွားကြမည့် လူ့စွမ်းအားအရင်းအမြစ်များ နယ်စပ်ဒေသ အသီးသီး၌ တိုးတက်ဖြစ်ထွန်းနေရန် အရေးကြီးလှပေသည်။

မြင့်စိုး(နတလ)၏ **"နယ်စပ်ဒေသ ပညာရေးကဏ္ဍမြှင့်တင်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးတည်ဆောက်"** ဆောင်းပါး-(စာမျက်နှာ-၃)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

၂၅-၈-၂၀၀၄
(ဗုဒ္ဓဟူးနေ့)

ဟင်းသီးဟင်းရွက်များ ခေတ်မီနည်းစနစ် အသုံးပြုစိုက်ပျိုး မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်

ရန်ကုန်မြို့တော်သည် ခေတ်မီဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အတူ လူဦးရေတိုးတက်များပြားလာလျက်ရှိသည်။ ထို့ကြောင့် ရန်ကုန်မြို့တော်နေပြည်သူများ လတ်ဆတ်သည့် ဟင်းသီးဟင်းရွက်နှင့် အသားငါးများ လုံလုံလောက်လောက် စားသုံးနိုင်ရန် အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ရန်ကုန်မြို့တော်ကိုဗဟိုပြု၍ အရှေ့၊ အနောက်၊ တောင်၊ မြောက် မိုင် ၃၀ ပတ်လည်အတွင်း စပါးနှင့် အခြားသီးနှံများ စိုက်ပျိုးရေး၊ ကြားကွက်လပ်မရှိ နွေ၊ မိုး၊ ဆောင်း ထာဝရစိမ်းလန်း စိုပြည်ရေးဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားထားသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ စိုက်ပျိုးရေးဖြစ်ထွန်းသောမြေများတွင် စပါး၊ ပဲအမျိုးမျိုး စသည့် သီးနှံများအနက် အချိန်ရာသီနှင့်သင့်လျော်သော သီးနှံအမျိုးမျိုးနှင့် ဟင်းသီးဟင်းရွက်များကို ၁၂ လရာသီ စိုက်ပျိုးနိုင်ရေး ကြိုးပမ်းလျက်ရှိသည်။ အချို့ဒေသများတွင် တိုင်းရင်းသားလုပ်ငန်းရှင်များ၊ ဝန်ကြီးဌာနအဖွဲ့အစည်းများက စိုက်ပျိုးမွေးမြူရေးအထူးဇုန်များ တည်ထောင်လုပ်ကိုင်လျက်ရှိသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေသည် ဩဂုတ်လ ၂၃ရက်နေ့က ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာအနီးရှိရန်ကုန်တိုင်း ဟင်းသီး ဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရေးနှင့်ကြက်၊ ငါးမွေးမြူရေးအထူးဇုန်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာများ မှာကြားဖြည့်ဆည်းပေးခဲ့သည်။

ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရေးနှင့်ကြက်၊ ငါးမွေးမြူရေးအထူးဇုန်ကို ရန်ကုန်မြို့တော်နေ ပြည်သူများအတွက် လတ်ဆတ်သည့် ဟင်းသီးဟင်းရွက်နှင့် အသား၊ ငါးများ လုံလုံလောက်လောက်စားသုံးနိုင်ရန်နှင့် ပိုလျှံပါက ပြည်ပသို့တင်ပို့နိုင်ရေးအတွက်ပါ ရည်ရွယ်၍ တည်ထောင်လုပ်ကိုင်လျက်ရှိခြင်းဖြစ်သည်။

ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရေးနှင့်ကြက်၊ ငါးမွေးမြူရေးအထူးဇုန်တွင် ဝန်ကြီးဌာနများ၊ တိုင်းရင်းသားလုပ်ငန်းရှင်များက ဟင်းသီးဟင်းရွက်စိုက်ပျိုးရေးနှင့်ကြက်၊ ငါးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ယခုအခါ ဟင်းသီးဟင်းရွက်စိုက်ပျိုးရေးလုပ်ငန်းများကို ဧ၀၇၅ ဧက လုပ်ကိုင်လျက်ရှိသည်။

အဆိုပါ စိုက်ပျိုးမွေးမြူရေးအထူးဇုန်တွင် မွေးမြူရေးလုပ်ငန်းများကိုလည်း လုပ်ကိုင်လျက်ရှိရာ ကြက်မွေးမြူရေးလုပ်ငန်းတွင် အသားစားကြက်နှင့် ဥစားကြက် ၁၂ သိန်းကျော် မွေးမြူနိုင်ခဲ့ရာ အသားစားကြက် ၁၀ သိန်းကျော် ထုတ်လုပ်ရောင်းချ ခဲ့ပြီးဖြစ်သည်။ ငါးမွေးမြူရေးလုပ်ငန်းတွင် ငါးကန် ၅ဖ၈ ဧက တူးဖော်ထားရှိကာ ငါးကောင်ရေ ၁၃ သိန်းကျော် မွေးမြူထားကြောင်း သိရသည်။

တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် ဟင်းသီးဟင်းရွက်များသာမက သစ်သီးဝလံနှင့် ပန်းမန်များကိုပါ တင်ပို့ရောင်းချနိုင်ရေး ကြိုးပမ်းစိုက်ပျိုးထုတ်လုပ်ကြရန်လိုအပ်သည်။ အထူးသဖြင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးရေးလုပ်ငန်းများကို မိရိုးဖလာစိုက်ပျိုးနည်းများအပြင် ခေတ်မီနည်းစနစ်များကိုပါ အသုံးပြုစိုက်ပျိုးကြရမည်ဖြစ်သည်။

တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများကလည်း တိုင်းရင်းသားလုပ်ငန်းရှင်များ ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် ဝိုင်းဝန်းကူညီဖြည့်ဆည်းပေးကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ရန်ကုန်မြို့တော်နေ ပြည်သူများအား လတ်ဆတ်သည့် ဟင်းသီးဟင်းရွက်နှင့် သားငါးများ လုံလောက်စွာ ဖြန့်ဖြူးရောင်းချပေးနိုင်ရေး၊ ပိုလျှံပါက ပြည်ပသို့တင်ပို့ရောင်းချနိုင်ရေးတို့အတွက် ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက်စိုက်ပျိုး ထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေးအထူးဇုန်မှ တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် ဌာနဆိုင်ရာများက ခေတ်မီနည်းစနစ်များအသုံးပြု၍ တိုးချဲ့စိုက်ပျိုး၊ မွေးမြူထုတ်လုပ်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးဆိုင်ရာ စာတမ်းဖတ်ပွဲနှင့် ပြတိုက်ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာဆွေးနွေးပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဩဂုတ် ၂၄

မြန်မာနိုင်ငံ အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီ (ASEAN- COCI Myanmar) နှင့် ဩစတြေးလျနိုင်ငံ (Aus-Heritage) တို့ ပူးပေါင်းစီစဉ်မှုဖြင့် ယဉ်ကျေးမှု အမွေအနှစ်ထိန်းသိမ်းရေးဆိုင်ရာ စာတမ်းဖတ်ပွဲနှင့် ပြတိုက်ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာ ဆွေးနွေးပွဲကို ဒုတိယနေ့အဖြစ် ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်ဘက်စုံခန်းမ၌ ဆက်လက်ကျင်းပရာ အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေး အမျိုးသားကော်မတီဝင်များ၊ မြန်မာနိုင်ငံ အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီမှ တာဝန်ရှိသူများ၊ ဩစတြေးလျနိုင်ငံ Aus-Heritage မှ အဖွဲ့ဝင်များ၊ ယဉ်ကျေးမှုဆိုင်ရာ ပြည်တွင်းပြည်ပမှ ပညာရှင်များနှင့် စာတမ်းရှင်များ၊ လေ့လာသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

မြန်မာနိုင်ငံ အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီ (ASEAN- COCI Myanmar)နှင့် ဩစတြေးလျနိုင်ငံ Aus-Heritage တို့ပူးပေါင်းဆောင်ရွက်သည့် ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေးဆိုင်ရာ စာတမ်းဖတ်ပွဲနှင့် ပြတိုက်ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာဆွေးနွေးပွဲ ဆက်လက်ကျင်းပစဉ်။ (သတင်းစဉ်)

သဘာပတိ

အလုပ်ရုံဆွေးနွေးပွဲတွင် နံနက်ပိုင်း သဘာပတိအဖြစ် မြန်မာစာအဖွဲ့ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံလွင်က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် မြန်မာ့သမိုင်းအဖွဲ့ဝင် ဦးသော်ကောင်း၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ ပါမောက္ခ ဦးမောင်မောင်လေး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ပါမောက္ခဒေါ်ရီရီမြင့်၊ Artlab Australia မှ Mr. Keith Fernandez နှင့် Aus-Heritage မှ Board Member နှင့် ကင်ဘာရာတက္ကသိုလ်မှ Emeritus Professor Mr. Kentaylor တို့က ဆောင်ရွက်ကြသည်။

တက်ရောက်

အလုပ်ရုံဆွေးနွေးပွဲတွင် Mr. Vinod Daniel, Head Research Centre For Materials Conservation and the Built Environment and Chairman , Aus-Heritage (Australia's International Cultural Industry Network, Australian Museum၊ တက္ကသိုလ်များဗဟိုစာကြည့်တိုက်မှ စာကြည့်တိုက်မှူးဒေါ်တင်ဖုန်းနွယ်၊ Mr. Steve King, Associate Director, Centre For Sustainable Built Environments, UNSW Sydney၊ Ms. Jocelyn Cuming, National Preservation Officer, National Library of New Zealand Wellington၊ အမျိုးသားပြတိုက် ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်းနှင့် Mr. Michael CrayFord, Assistant Director, Australian National Maritime Museum တို့က သမိုင်းအချက်အလက်များ စုဆောင်းမှုဆိုင်ရာစာတမ်း၊ ရှေးဟောင်းမြန်မာပေစာပုရပိုက်စာများနှင့် စုဆောင်းထားရှိသော ရှေးဟောင်းအမွေအနှစ်များကို ထိန်းသိမ်းထားရှိမှုဆိုင်ရာစာတမ်း၊ ပြတိုက်၊ စာကြည့်တိုက်နှင့် မော်ကွန်းတိုက်များကို ထိန်းသိမ်းကာကွယ်ရေးဆိုင်ရာစာတမ်း၊ မြန်မာနိုင်ငံ အမျိုးသားပြတိုက်၏ စီမံခန့်ခွဲမှုဆိုင်ရာစာတမ်း၊ ရေကြောင်းဆိုင်ရာယဉ်ကျေးမှု အမွေအနှစ်ထိန်းသိမ်းခြင်းစာတမ်းများကို ဖတ်ကြားဆွေးနွေးတင်သွင်းကြပြီး အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများ၏ မေးမြန်းဆွေးနွေးချက်များကို ပြန်လည် ဆွေးနွေးဖြေကြားကြသည်။

မွန်းလွဲပိုင်းအစီအစဉ်

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို ခေတ္တရပ်နားပြီး မွန်းလွဲပိုင်းအစီအစဉ်များကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် မြန်မာ့သမိုင်းအဖွဲ့ဝင် ဦးစိုင်းအောင်ထွန်းက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် အာဆီယံရေးရာ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဘွား၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ပါမောက္ခ ဒေါ်ရီရီမြင့်၊ Aus-Heritage မှ Michael Cray Ford နှင့် Jason Copeland တို့က ဆောင်ရွက်ကြသည်။

ဖတ်ကြား

အစီအစဉ်အရ Aus- Heritage မှ Aparna Tandon ,Professor Emiko Kakiuchi Ph.D Grips , Japan နှင့် ရှေးဟောင်းသုတေသနဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းလွင်တို့က စာကြည့်တိုက်၊ ပြတိုက်နှင့် မော်ကွန်းတိုက်များထိန်းသိမ်းခြင်းဆိုင်ရာ၊ ယဉ်ကျေးမှုဓလေ့များ ရွှေ့လျားကူးပြောင်းမှုဆိုင်ရာ၊ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေများ ကျယ်ကျယ်ပြန့်ပြန့် ဧရိယာအများအပြားကို ထိန်းသိမ်း စောင့်ရှောက်လာခဲ့မှုဆိုင်ရာတို့နှင့် သက်ဆိုင်သည့် စာတမ်းများကို ဖတ်ကြား ဆွေးနွေးကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းဆွေးနွေးချက်များကို ဖြေကြားကြသည်။

ယင်းနောက် သဘာပတိ အဖွဲ့ဝင်များက ယမန်နေ့နှင့် ယနေ့တို့တွင် ကျင်းပခဲ့သည့် စာတမ်းဖတ်ပွဲကို နိဂုံးချုပ်ဆွေးနွေးသုံးသပ်ကြပြီး ဆွေးနွေးပွဲကိုညနေ၄နာရီခွဲတွင်ရပ်နားလိုက်သည်။ ညပိုင်းတွင် အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးအမျိုးသားကော်မတီဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝိမာန် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းဆွေက စာတမ်းဖတ်ပွဲသို့ တက်ရောက်လာကြသော ပြည်တွင်း ပြည်ပမှ ပညာရှင်များအား ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

ဆရာဝန်အသင်း ဂေါက်ရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၄

မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်ရိုက်အဖွဲ့၏ လစဉ်ကျင်းပမြဲဖြစ်သော ဂေါက်ရိုက်ပြိုင်ပွဲအတွက် ဩဂုတ်လ ဂေါက်ရိုက်ပြိုင်ပွဲကို ဩဂုတ် ၂၉ရက် (တနင်္ဂနွေနေ့) နံနက် ၅နာရီခွဲတွင် မြန်မာနိုင်ငံဂေါက်ကွင်း ကိုးမိုင်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်ဆရာဝန်များ ဝင်ရောက် ယှဉ်ပြိုင်နိုင်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံဆိုင်ရာဘယ်လ်ဂျီယံနိုင်ငံသံအမတ်ကြီးအဖြစ် မစ္စတာ ဂျန်၊မက်သီဆန်အား ခန့်အပ်ရန်သဘောတူ

ရန်ကုန် ဩဂုတ် ၂၅

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဘယ်လ်ဂျီယံနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်း ခံရသော သံအမတ်ကြီး မစ္စတာ ပီယဲ၊ဂျော(န်)မာရီ၊အောတွမ်း(န်)၊ဗေစန်၏ နေရာတွင် မစ္စတာ ဂျန်၊မက်သီဆန် အားခန့်အပ်ရန် ဘယ်လ်ဂျီယံနိုင်ငံအစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရက သဘောတူ ပြီးဖြစ်သည်။

မစ္စတာ ဂျန်၊မက်သီဆန်သည် ၁၉၅၀ပြည့်နှစ်တွင် ဘယ်လ်ဂျီယံနိုင်ငံ အီကန်နန်မြို့၌ မွေးဖွားခဲ့ပြီး ၁၉၇၃ခုနှစ်တွင် ဂင့်တက္ကသိုလ်မှ မျက်မှောက်ခေတ်နိုင်ငံရေးသမိုင်းပညာဘွဲ့ ရရှိခဲ့သည်။ ၎င်းသည် ၁၉၈၄ခုနှစ်မှ စ၍ ဘယ်လ်ဂျီယံနိုင်ငံခြားရေးဝန်ကြီးဌာန၌ အလုပ်ဝင်ရောက်ခဲ့ပြီး ဘွန်းမြို့၊ ဘာလင်မြို့နှင့် ဘဲလ်ဂရိတ်မြို့ရှိ ဘယ်လ်ဂျီယံသံရုံးများတွင် အမှုထမ်းခဲ့သည်။ ၁၉၉၆ခုနှစ်မှ ၁၉၉၇ခုနှစ်အထိ ဘဲလ်ဂရိတ်မြို့ ဘယ်လ်ဂျီယံသံရုံးသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ယင်းနောက် ဘယ်လ်ဂျီယံ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် နေတိုးအဖွဲ့ဆိုင်ရာ ဌာနမှူးအဖြစ်လည်းကောင်း၊ ၁၉၉၉ခုနှစ်မှ ၂၀၀၀ပြည့်နှစ်အထိ ယင်းဝန်ကြီးဌာန၌ပင် နိုင်ငံရေး-စစ်ရေးဆိုင်ရာဌာနကြီး၏ ခေတ္တအကြီးအကဲ အဖြစ်လည်းကောင်း၊ ၂၀၀၀ပြည့်နှစ်မှ ယခုနှစ်အထိ တူရကီနိုင်ငံဆိုင်ရာ ဘယ်လ်ဂျီယံသံအမတ်ကြီးအဖြစ်လည်းကောင်း အသီးသီးတာဝန်ထမ်းဆောင်ခဲ့သည်။

မစ္စတာ ဂျန်၊မက်သီဆန်သည် ဗန်ကောက်မြို့၌ ရုံးစိုက်နေထိုင်၍ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဘယ်လ်ဂျီယံ သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။ ၎င်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သားသမီးငါးဦးရှိသည်။ (သတင်းစဉ်)

နယ်စပ်ဒေသ ပညာရေးကဏ္ဍမြှင့်တင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးတည်ဆောက်

မြင့်စိုး(နတလ)

နယ်မြေဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ခြင်းသည် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်မှု၊ ဖွံ့ဖြိုးမှုဆိုင်ရာ အခြေခံအဆောက်အအုံများ တည်ဆောက်ပေးနိုင်မှု၊ စီးပွားရေး တိုးတက်မြင့်မားလာမည့် အခြေခံကောင်းများ ဖြစ်ထွန်းမှု၊ ပြည်သူလူထု၏ ပညာရေး၊ ကျန်းမာရေး အဆင့်အတန်း တိုးတက်မြင့်မားလာမှုတို့အပေါ်တွင် များစွာ တည်မှီလျက်ရှိပေသည်။

သို့ဖြစ်ပေရာ နိုင်ငံတော်အစိုးရသည် အထက်ဖော်ပြပါ ကဏ္ဍအားလုံး လွှမ်းခြုံပါဝင်နေသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများကို စနစ်တကျ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။ ယနေ့အချိန်အခါတွင် နယ်စပ်ဒေသများ၌ ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများ ဖြစ်ထွန်းနေပြီး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာနေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နေကြရပြီ ဖြစ်သည်။

ထိုအခြေအနေအချိန်အခါမျိုးတွင်ရရှိဖြစ်ထွန်းနေသည့် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများကို ရေရှည်ထိန်းသိမ်းမြှင့်တင်သွားနိုင်ရေးအတွက် မျှော်မှန်းပြီး၊ နယ်စပ်ဒေသများတွင် မှီတင်းနေထိုင်လျက်ရှိကြသည့် တိုင်းရင်းသားသွေးချင်းများ ပညာရည်မြင့်မားလာစေရေး၊ မိမိတို့တိုင်းရင်းသားလူမျိုးများထဲမှ အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွန်းလာစေရေးတို့နှင့်စပ်လျဉ်း၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ၂၀၀၄ ခုနှစ် မတ်လ ၂၉ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ အစည်းအဝေးတွင် အောက်ပါအတိုင်း လမ်းညွှန်ခဲ့သည်–

"ဒေသခံပြည်သူများ လူနေမှုဘဝ အဆင့်အတန်း တိုးတက်မြင့်မားလာရေးနှင့် နယ်စပ်ဒေသတိုးတက်ဖြစ်ထွန်းမှုများ စဉ်ဆက်မပြတ်တိုးတက်မြင့်မားလာစေရန်၊ ဒေသတွင်း လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာရေးအတွက် စီမံဆောင်ရွက်သွားရန်"

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နယ်စပ်ဒေသနေ တိုင်းရင်းသားများ ပညာရည် မြင့်မားရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာရေးတို့ကို ဟန်ချက်ညီညီ စီမံဆောင်ရွက်ပေးလျက်ရှိရာတွင် အခြေခံပညာကျောင်းများ အသစ်တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ အဆင့်တိုးမြှင့်ပေးခြင်း၊ ကောလိပ်၊ ဒီဂရီကောလိပ်နှင့် တက္ကသိုလ်များ ဖွင့်လှစ်ပေးခြင်းတို့အပြင် နယ်စပ်ဒေသနေ တိုင်းရင်းသားများ ပညာရည်မြင့်မားရေးအတွက် သီးသန့်အစီအမံတစ်ရပ်ဖြစ်သည့် နွေရာသီ **"အ"** သုံးလုံး ရက်တိုသင်တန်းများ ဖွင့်လှစ်သင်ကြားပို့ချပေးခြင်းများ ပါဝင်သည်။

၁၉၈၉ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သော စာသင်ကျောင်းများ

နယ်စပ်ဒေသများတွင်စာသင်ကျောင်းများစတင်ဖွင့်လှစ်ခဲ့စဉ်က ပထမဦးဆုံး ကြုံတွေ့ရသော အခက်အခဲမှာ ဘာသာစကား အခက်အခဲဖြစ်သည်။ ထိုအချိန်ထိုကာလက သွားရောက် တာဝန်ထမ်းဆောင်ခဲ့ကြရသော ဆရာ၊ ဆရာမများအနေဖြင့် စေတနာ၊ ဝါသနာ၊ အနစ်နာတို့ဖြင့် ကြိုးပမ်း ဆောင်ရွက်ခဲ့ကြရသည်။ သွားရေးလာရေးကအစ နေရေးထိုင်ရေး၊ စားရေးသောက်ရေး၊ ဘာသာစကားစသည်ဖြင့် အခက်အခဲများစွာ ကြုံခဲ့ကြရသည်။ စာသင်ကြားရေးအပြင် ကျန်းမာရေး အသိပညာကိုပါ သင်ပြပေးခဲ့ကြရသည်။

မည်သို့ဆိုစေ နိုင်ငံတော်အစိုးရ၏ စေတနာ၊ ထိုထိုသော ဆရာ၊ ဆရာမများ၏ မေတ္တာ၊ စေတနာအရင်းခံတို့ဖြင့် ၁၉၈၉ ခုနှစ်အတွင်းမှာပင် အခြေခံပညာမူလတန်းကျောင်းများကို စတင်ဖွင့်လှစ်နိုင်ခဲ့သည်။ ထိုကျောင်းများမှာ ကိုးကန့်ဒေသ၌ ဆီအော၊ လောက်ကိုင်၊ ချင်းရွှေဟော်၊ ပါစင်ကျော်၊ တာရွှေထန်၊ နမ့်ထော်တို့တွင်လည်းကောင်း၊ ကျိုင်းတုံအရှေ့ဒေသ၌ မိုင်းမ၊ မိုင်းလား၊ ဆန်တောက်၊ ဆီလူး၊ မိုင်းဝ၊ မိုင်းဟဲ၊ ဝမ်စလောင်းနှင့် ကောင်းလန်တို့၌လည်းကောင်း ဖြစ်ကြောင်း မှတ်တမ်းပြုဖော်ပြလိုပါသည်။

၁၉၈၉ ခုနှစ်တွင် အမက ၁၄ ကျောင်းဖြင့် စတင်ဖွင့်လှစ်ခဲ့ရာမှ ၁၉၉၂ခုနှစ်တွင် ကျောင်းပေါင်း၁၇၄ ကျောင်းအထိ တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ သင်ကြားရေးအပိုင်းတွင်လည်း ကျောင်းသားနှင့်ဆရာ အချိုးမျှတစေရန် ဒေသခံ တိုင်းရင်းသားများထဲမှ သင့်လျော်သူများကို ရွေးချယ်ကာ တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး တက္ကသိုလ်တွင် ဖွင့်လှစ်သော အထူးမူလတန်းဆရာဖြစ်သင်တန်းများ တက် ရောက်စေခဲ့သည်။ ယင်းနောက် မိမိတို့ဒေသအသီးသီးတွင် ပြန်လည်တာဝန်ထမ်းဆောင်စေခဲ့သည်။

နယ်စပ်ဒေသအသီးသီး၌ အခြေခံပညာကျောင်းပေါင်းများစွာ ဖွင့်လှစ်ပေးနိုင်ခဲ့ပေပြီ။ သက်ကြီး စာမတတ်သူများအတွက်လည်း အခြေခံပညာသင်ယူခွင့် အခွင့်အလမ်း ပြန်လည်ရရှိစေရန် စီမံဆောင်ရွက်ပေးလျက်ရှိပေသည်။ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ပညာရည်မြင့်မားလာစေရန်သာမက လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရေး စဉ်ဆက်မပြတ် ပြုစုပျိုးထောင်ပေးလျက်ရှိပေသည်။

ကျောင်းများအဆင့်တိုးမြှင့်ပေးခြင်း

ကျောင်းများတိုးချဲ့ဖွင့်လှစ်ပေးခဲ့သည့်နည်းတူ အဆင့်တိုးမြှင့်ပေးခြင်းကိုလည်း အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးခဲ့သည်။ လက်လှမ်းတမီ တင်ပြရလျှင်

ပအိုဝ်းဒေသ ဆီဆိုင်မြို့နယ်အတွင်းရှိ နောင်ထော် အခြေခံပညာအလယ်တန်းကျောင်း၏ ကိုယ့်အားကိုယ်ကိုး ဘော်ဒါဆောင်။

၂၀၀၂–၂၀၀၃ ပညာသင်နှစ်အတွင်းမှာပင် အခြေခံပညာအထက်တန်းကျောင်းပေါင်း ၂၀ အဆင့် တိုးမြှင့်ပေးခဲ့ပြီးဖြစ်သည်။

ယင်းကျောင်းများမှာ ကချင်အထူးဒေသ(၂)မှ ပန်နန်းဒင်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ မုံးကိုးနှင့် မန်ဟီးရိုး၊ "ဝ"ဒေသမှ နမ့်တစ်၊ ကျိုင်းတုံ အရှေ့ဒေသမှ မိုင်းလား၊ ဝမ်အွမ်၊ ပုံပါကျင်၊ မိုင်းယု၊ တုံတာ၊ မိုင်းပေါက်၊ မိုင်းခုတ်၊ ကျိုင်းလတ်၊ ပအိုဝ်းဒေသမှ ပင်ဖြစ်၊ ဟိုမိန်းဒေသမှ ဟိုမိန်း၊ ကယားဒေသမှ ရွာသစ်၊ မွန်ဒေသမှ ဟံဂံ၊ ကရင်ဒေသမှ ကျိုက်ဒုံ၊ မြိုင်ကြီးငူ၊ တနင်္သာရီဒေသမှ ပဲဒက်၊ နာဂဒေသမှ ပန်ဆောင်တို့မှ ဖြစ်ကြသည်။

အလားတူ ယခု ၂၀၀၄–၂၀၀၅ ပညာသင်နှစ်တွင်လည်း အထက ရှစ်ကျောင်း အဆင့်တိုးမြှင့်ပေးခဲ့ရာ ရှမ်းဒေသမှ ခေါက်စန့်၊ ပအိုဝ်းဒေသအတွင်းမှ စံကား၊ ကျောက်တန်း၊ ပန်ခွန်၊ နမ့်ခုတ်၊ လုံကား၊ ကယားဒေသအတွင်းမှ ရွှေပြည်အေး၊ ပျဉ်းမနားမြို့နယ်အတွင်းမှ ဘိုးမတို့တွင် ဖြစ်သည်။

နယ်စပ်ဒေသများ၌ ဖွင့်လှစ်ပေးပြီးကျောင်းအရေအတွက်

၁၉၈၉ ခုနှစ်မှ ၂၀၀၄–၂၀၀၅ ပညာသင်နှစ်အတွင်း နယ်စပ်ဒေသအသီးသီး၌ ဖွင့်လှစ်ပေးပြီး ကျောင်းအရေအတွက်မှာ အောက်ပါအတိုင်းဖြစ်သည်–

အခြေခံပညာအထက်တန်းကျောင်း	၆၅ကျောင်း
အခြေခံပညာအလယ်တန်းကျောင်း	၅၈ကျောင်း
အခြေခံပညာမူလတန်းကျောင်း	၆၄၄ကျောင်း
စုစုပေါင်း	**၇၆၇ကျောင်း**

၂၀၀၄–၂၀၀၅ ပညာသင်နှစ် ကျောင်းသားဦးရေ

နယ်စပ်ဒေသအခြေခံပညာကျောင်းများတွင် ၂၀၀၄–၂၀၀၅ ပညာသင်နှစ်၌ တက်ရောက်သင်ယူနေကြသော ကျောင်းသားဦးရေမှာ အောက်ပါအတိုင်းဖြစ်သည်–

အထက်တန်းအဆင့်	၇၃၈၁ ဦး
အလယ်တန်းအဆင့်	၃၂၀၃၆ ဦး
မူလတန်းအဆင့်	၆၉၂၀၄ ဦး
စုစုပေါင်း	**၁၀၈၆၂၁ ဦး**

နယ်စပ်ဒေသပညာရေးဝန်ထမ်းဦးရေ

နယ်စပ်ဒေသ အခြေခံပညာ ကျောင်းများတွင် အထက်တန်းပြ ၅၅၅ဦး၊ အလယ်တန်းပြ ၁၀၁၃ဦး၊ မူလတန်းပြ ၁၅၁၅ဦး၊ စုစုပေါင်း ၃၀၈၃ဦးဖြစ်ပြီး အခြားပညာရေးဆိုင်ရာဝန်ထမ်း ၁၀၀၉ဦးရှိသည်။

သင်ကြားမှုသင်ယူမှု အထောက်အကူပြု စာသင်ခန်းများဖွင့်လှစ်ခြင်း

နယ်စပ်ဒေသ အခြေခံပညာ အထက်တန်းကျောင်းများ ဖြစ်သည့် ကချင် အထူးဒေသ(၂)မှ လွယ်ဂျယ်၊ ဟိုပင်၊ ကိုးကန့်ဒေသမှ လောက်ကိုင်၊ ကချင်အရှေ့မြောက် ဒေသမှ ကောင်းခါး၊ တာမိုးညဲ၊ ပလောင်ဒေသမှ မန်တုံ၊ ရှမ်းဒေသမှ ပင်လုံ၊ ပအိုဝ်းဒေသမှ ကျောက်တလုံး၊ ကရင်ဒေသမှ သံတောင်ကြီး၊ ဘုရားသုံးဆူ၊ ကျိုက်ဒုံ၊ နဘူး၊ မွန်ဒေသမှ ကလော့သော့၊ ပင၊ ထင်းရှူး၊ တရနာ၊ နှစ်ကရင်၊ ဟံဂံ၊

ကချင်ဒေသ ပန်ဝါအခြေခံပညာအထက်တန်းကျောင်း။

တနင်္သာရီဒေသမှ ပဲဒက်၊ ရခိုင်ဒေသမှ လက်ဝဲဒက်ပုဏ္ဏန်ချောင်း၊ တောင်ပဇာ၊ ကြိမ်ချောင်း၊ အလယ်သံကျော်၊ တောင်ပြို(ဝဲ)၊ ကဘော် ဒေသမှ မင်းသာ၊ နာဂဒေသမှ လေရှီး စသည့် အခြေခံပညာအထက်တန်းကျောင်းများတွင် သင်ကြားမှု၊ သင်ယူမှု အထောက်အကူပြု စာသင်ခန်းများ ဖွင့်လှစ်သင်ကြားနေပြီ ဖြစ်သည်။ လိုအပ်သော သင်ထောက်ကူ ပစ္စည်းများကိုလည်း နယ်စပ်ဒေသ နှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၏ အစီအစဉ်ဖြင့် ကူညီပံ့ပိုးပေးခဲ့သည်။

စက်ပစ္စည်းများတပ်ဆင်ပြီးဖြစ်၍ ဖွင့်လှစ်ရန် အသင့်ဖြစ်နေသော ကျောင်းများမှာ ကချင်ဒေသမှ ကာမိုင်း၊ နောင်မွန်း၊ ပန်ဝါ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ မုံးကိုး၊ ကိုးကန့်ဒေသမှ ချင်းရွှေဟော်၊ "ဝ"ဒေသမှ ပန်ဆန်း၊ ရှမ်းဒေသမှ ဆောင်ကြဲ၊ နမ့်လန်၊ ရှမ်းပြည်နယ်တောင်ပိုင်းမှ ကျိုင်းတောင်း၊ ပအိုဝ်းဒေသမှ ဆိုက်ခေါင်၊ ကျောက်ကချား၊ နောင်တရား၊ ကျိုင်းတုံ အရှေ့ဒေသမှ မိုင်းယန်း၊ မိုင်းလား၊ တာလေ၊ ချင်းဒေသမှ ကျီခါး၊ ရိဒ်ခေါဒါရ်၊ ရေဇွာ၊ စဘောင်သဲ၊ နာဂဒေသမှ လဟယ်၊ နန်းယွန်း အခြေခံပညာအထက်တန်းကျောင်းများ ဖြစ်ကြသည်။

နယ်စပ်ဒေသ ပညာရေးလုပ်ငန်း နှစ်(၃၀) စီမံကိန်းမျှော်မှန်းချက်

အခြေခံပညာရေးကဏ္ဍ အနှစ်(၃၀) နှစ်ရှည်စီမံကိန်းမျှော်မှန်းချက်အရ နယ်စပ်ဒေသမြို့နယ်ပေါင်း ၆၈ မြို့နယ်တွင် မြို့နယ်နှင့်မြို့အဆင့်၌ အထက်တန်းကျောင်းများဖွင့်လှစ်ရန်၊ ကျေးရွာကြီးများ၌ အလယ်တန်းကျောင်းများဖွင့်လှစ်ရန်၊ ကျေးရွာတိုင်း၌ မူလတန်းကျောင်းများဖွင့်လှစ်ရန်အထိ မျှော်မှန်းဆောင်ရွက်လျက်ရှိပါသည်။

ပထမနှစ်တို ငါးနှစ်ကာလဖြစ်သော ၂၀၀၁–၂၀၀၂ ပညာသင်နှစ်မှ ၂၀၀၅–၂၀၀၆ ပညာသင်နှစ်အတွင်းမှာပင် အထက ၁၀ ကျောင်း၊ အလက ၂၅ ကျောင်း၊ အမက ၅၀ တိုးမြှင့်ဖွင့်လှစ်ရန် လျာထား ဆောင်ရွက်ခဲ့ကြသည်။ သို့ဖြစ်၍ နှစ် (၃၀) စီမံကိန်းပြီးဆုံးချိန်တွင် တိုးမြှင့်ဖွင့်လှစ်ပြီး ကျောင်းအရေအတွက်မှာ အထက ၆၀၊ အလက ၁၅၀၊ အမက ၃၀၀ ရှိလာမည်ဖြစ်ပေသည်။

နွေရာသီ"အ"သုံးလုံးရက်တိုသင်တန်းများ ဖွင့်လှစ်ခြင်း

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ပညာရေးဝန်ကြီးဌာနနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ နယ်စပ်ဒေသအသီးသီးတွင် နွေရာသီ"အ"သုံးလုံး ရက်တိုသင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့သည်။

နှစ်အလိုက် ဖွင့်လှစ်သင်ကြားခဲ့ရာတွင် ၁၉၉၆ ခုနှစ်၌ ကိုးကန့်ဒေသ၊ 'ဝ'ဒေသ၊ ကျိုင်းတုံအရှေ့ဒေသ၊ ရခိုင်ဒေသ များမှ သင်တန်းသား၊ သင်တန်းသူ ၁၁၂၄ ဦး၊ ၂၀၀၀ပြည့်နှစ်တွင် ကိုးကန့်ဒေသ၊ 'ဝ'ဒေသ၊ ပအိုဝ်းဒေသ၊ ကရင်ဒေသများမှ သင်တန်းသား၊ သင်တန်းသူ ၁၀၅၁၀၊ ၂၀၀၁ခုနှစ်တွင် မုံးကိုးနှင့် 'ဝ'ဒေသ၊ ရှမ်းဒေသ၊

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

နိုင်ငံခြားတပ်များ အီရတ်ကို သိမ်းပိုက်ထားမှု ရပ်စဲရန် ဂျော်ဒန်နှင့်ဆီးရီးယားဝန်ကြီးချုပ်များ တောင်းဆို

ဒမတ်စကတ် ဩဂုတ် ၂၄

ဂျော်ဒန်ဝန်ကြီးချုပ် ဖိုင်ဆယ်အယ်ဖာရစ်သည် ဆီးရီးယားနိုင်ငံသို့ သွားရောက်လည်ပတ်ခဲ့ပြီး ဆီးရီးယားနိုင်ငံ ဝန်ကြီးချုပ် မိုဟာမက်နာဂျီအော်ထရီနှင့် ယမန်နေ့က တွေ့ဆုံခဲ့သည်။ ထိုသို့ တွေ့ဆုံစဉ် ဝန်ကြီးချုပ်နှစ်ဦးက အီရတ်နိုင်ငံအား ပြည်ပကျူးကျော်သိမ်းပိုက်ထားမှုကို အဆုံးသတ်ပေးရန် တောင်းဆိုခဲ့ကြကြောင်း ဆာနာအစိုးရသတင်းဌာနက ဖော်ပြခဲ့သည်။

အီရတ်တွင် ပြည်ပ သိမ်းပိုက်ထားသည့်အခြေအနေကို အဆုံးသတ်ပြီး နိုင်ငံခြားတပ်များ ဆုတ်ခွာသွားရေးသည် တည်ငြိမ်ရေးနှင့်လုံခြုံရေးအတွက် သော့ချက်ကျသော ကိစ္စဖြစ်ကြောင်း ဝန်ကြီးချုပ် အော်ထရီက ပြောကြားသည်။

တိုက်တွန်း

လုံခြုံရေးနှင့်တည်ငြိမ်ရေးအခြေအနေများ အီရတ်တွင် ကင်းမဲ့နေခြင်းသည် ပတ်ဝန်းကျင် နိုင်ငံများကိုပါ ထိခိုက်စေသည်။ ထိုအခြေအနေများကြောင့် အပြည်ပြည်ဆိုင်ရာ အသိုက်အဝိုင်းနှင့် အာရပ်နိုင်ငံများသည် အီရတ်ပြည်သူများဘက်မှ ရပ်တည်ပြီး ဝိုင်းဝန်းကူညီသင့်ကြောင်း အော်ထရီက ထည့်သွင်းတိုက်တွန်းသွားသည်။

အီရတ်နိုင်ငံသည် ၂၅ နှစ်တာမျှ စစ်ပွဲများနှင့် ကြုံခဲ့ရသည့်အတွက် နိုင်ငံမှာ ပျက်စီးလျက်ရှိသည်။ ကျွန်ုပ်တို့သည် ညီအစ်ကိုစိတ်ထားဖြင့် လည်းကောင်း၊ အိမ်နီးနားချင်း သဘောထားဖြင့်လည်းကောင်း အီရတ်နိုင်ငံ၏ အကျိုးစီးပွားကို လိုလားကြသည်ဟု ဖာရစ်က ပြောကြားသည်။

လိုလား

အီရတ်နိုင်ငံ တည်ငြိမ်ရေးနှင့် လုံခြုံရေးကိစ္စများကို မိမိတို့က လိုလားကြောင်းဖာရစ်က ထည့်သွင်းပြောကြားခဲ့သည်။ ၎င်း၏အမြင်သည် ဆီးရီးယားဝန်ကြီးချုပ်၏ အမြင်နှင့် တစ်သဘောတည်းရှိသည်။

အားပေးထောက်ခံ

ထို့အပြင် ဝန်ကြီးချုပ် နှစ်ဦးသည် ပါလက်စတိုင်း လူမျိုးများအရေးကို အားပေးထောက်ခံကြောင်း၊ အသိမ်းပိုက်ခံအာရပ်နယ်မြေအားလုံးမှ အစ္စရေးတပ်ဖွဲ့များ ပြန်လည်ရုပ်သိမ်းရေးကိစ္စကိုပါ တောင်းဆိုခဲ့ကြကြောင်း သိရသည်။ ထိုသို့ဆုတ်ခွာရာ၌ ဆီးရီးယားတို့၏ ဂိုလန်ကုန်းမြင့်မှ ဆုတ်ခွာပေးရန်ကိစ္စလည်း အပါအဝင်ဖြစ်ကြောင်း သိရသည်။

နှစ်နိုင်ငံတို့သည် အထက်ပါ ကိစ္စရပ်များအပြင် နှစ်နိုင်ငံ စီးပွားရေးနှင့် ယဉ်ကျေးမှုရေးရာများ၌ပါ ပူးပေါင်းဆောင်ရွက်ကြရန် ပြန်လည်သုံးသပ်ခဲ့ကြသည်။ အထူးသဖြင့်လွတ်လပ်စွာကုန်သွယ်ရေး၊နယ်မြေတစ်ရပ်ထူထောင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကိစ္စများကိုပါ အားပေးရေးသာမက နှစ်ထပ်နှစ်လီ အခွန်အကောက်များ ကောက်ခံသည့်အဖြစ်များကိုပါ ရှောင်ကြဉ်ကြရန် ဆွေးနွေးခဲ့ကြသည်ဟု ဆိုသည်၊

အမ်အင်အေ၊ရိုက်တာ။

ဩဂုတ် ၂၀ ရက်က အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် အမေရိကန်တို့ကို ဆန့်ကျင်ဆန္ဒပြနေသည့် အီရတ်တို့ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်မှ ပိုလန်တပ်ဖွဲ့များ အမြန်ဆုံးထွက်ခွာရန် လိုလား

ဝါဆော ဩဂုတ် ၂၂

ပိုလန်ကာကွယ်ရေးဝန်ကြီးဂျာဇီရှဟဇင်စကီးသည် စနေနေ့က အီရတ်နိုင်ငံတောင်ပိုင်းရှိ ပိုလန်တပ်ဖွဲ့များ စခန်းချနေသော တပ်စခန်းသို့ ရောက်ရှိခဲ့ကြောင်း ပီအေပီသတင်းဌာနက ဖော်ပြသည်။ ပိုလန်တပ်ဖွဲ့များသည် အီရတ်မှ မြန်နိုင်သမျှမြန်မြန် ပြန်လည်ထွက်ခွာရန် လိုလားနေကြကြောင်း ဝန်ကြီးက ပြောကြားသည်ဟုဆိုသည်။ ပိုလန်ကာကွယ်ရေးဝန်ကြီးသည်ပိုလန်တပ်ဖွဲ့များတာဝန်ယူထားရာဒေသ၏နိုင်ငံရေးနှင့်စစ်ရေးအခြေအနေများကိုအကဲဖြတ်ရန် သွားရောက်ခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သော ဩဂုတ်လ ၂၀ ရက် စနေနေ့က ကားဗုံးပေါက်ကွဲမှုကြောင့်သေဆုံးခဲ့ရသော ပိုလန်တပ်ဖွဲ့ဝင်အတွက် ဆုတောင်းပွဲသို့ ကာကွယ်ရေးဝန်ကြီးတက်ရောက်ခဲ့သည်။ အခမ်းအနားတွင် ၎င်းက မိမိတို့သည် အီရတ်မှအမြန်ဆုံးထွက်ခွာရန် လိုလားသည်။ သို့ရာတွင် မထွက်ခွာမီ ကျွန်ုပ်တို့သည်ခိုင်မာသော လုံခြုံရေးအခြေအနေများကို ဖန်တီးထားရန် လိုအပ်သည်ဟု ပြောကြားခဲ့သည်။

ပိုလန်တပ်ဖွဲ့များ တာဝန်ယူထားရာနယ်မြေတွင်တိုက်ခိုက်မှုများဆက်တိုက်ဖြစ်ပွားလာခဲ့သည်။ ထိုအဖြစ်အပျက်များကြောင့် ပြီးခဲ့သော သီတင်းပတ်တွင် ပိုလန်တပ်ဖွဲ့ဝင် သုံးဦးသေဆုံးပြီး တစ်ဒါဇင်မက ဒဏ်ရာရရှိခဲ့သည်။ ထိုကိစ္စပေါ်ပေါက်ခဲ့ပြီးနောက် ပိုလန်ကာကွယ်ရေးဝန်ကြီးက မိမိအနေဖြင့် အခြေအနေကို သိရှိနိုင်ရန် အီရတ်နိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

မိမိတို့တပ်ဖွဲ့များသည် အီရတ်နိုင်ငံ၌ ခက်ခဲသော အခြေအနေတွင် တာဝန်ယူနေရကြောင်း၊ ယခုအခါ အီရတ်တွင် ဖြစ်ပွားနေသော အာဏာလွှဲဆွဲပွဲ အကြားတွင် အမှုထမ်းနေကြရသည့် အခြေအနေရှိကြောင်း ပိုလန်ကာကွယ်ရေးဝန်ကြီးက ပြောကြားသည်။

၎င်းက နောက်တစ်ကြိမ်အီရတ်သို့ ပိုလန်မှ စေလွှတ်မည့်တပ်ဖွဲ့သည် ယခုတပ်ဖွဲ့ထက် အင်အားသေးငယ်မည်ဖြစ်ကြောင်းသာ ပြောကြားပြီး အသေးစိတ်ကိုမူ ပြောကြားခြင်းမရှိပေ။ ပိုလန်နိုင်ငံသည် တပ်ဖွဲ့ဝင်အင်အား ၆၅၀၀ ဖြင့် ဘဂ္ဂဒက်မြို့တောင်ဘက်နယ်မြေတွင် လုံခြုံရေး တာဝန်များယူလျက်ရှိသည်။ ဝါဆောအနေဖြင့် ၂၀၀၅ ခုနှစ်စောစောပိုင်းတွင် အီရတ်ရှိ ယင်း၏တပ်ဖွဲ့အင်အားကို လျှော့ချသွားလိုကြောင်း ပြောကြားခဲ့ပြီးဖြစ်သည်။

မလိုလားကြ

အီရတ်နိုင်ငံသို့ ရောက်နေကြသော ပိုလန်လူမျိုးများအနက် ၁၄ ဦး အသက်ဆုံးရှုံးခဲ့ကြရပြီ ဖြစ်သည်။ ထိုအရေအတွက်မှာ အီရတ်စစ်ပွဲစသည့်အချိန်မှ ယနေ့အထိသေဆုံးသော ပိုလန်လူမျိုး အရေအတွက် ဖြစ်၏။ ၁၀ဦးမှာတပ်ဖွဲ့ဝင်များဖြစ်ပြီး လေးဦးမှာအရပ်သားများဖြစ်သည်။ ပိုလန်လူထုအများစု၏သဘောထားမှာ ပိုလန်တပ်ဖွဲ့များသည် အမေရိကန်တပ်ဖွဲ့များ ဦးဆောင်သော အီရတ်စစ်ပွဲတွင် ပါဝင်သည်ကို မလိုလားကြကြောင်း သိရသည်။ ***အင်တာနက်။***

အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၉၅၈ဦးအထိ ရောက်ရှိ၊ ၇၁၆ဦးမှာ တိုက်ပွဲတွင်သေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၂၄

အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များသည် ၂၀၀၃ခုနှစ် မတ် ၂၀ ရက်က စတင်ပြီး ဝင်ရောက်ကျူးကျော် တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့တိုက်ခိုက်ခဲ့ချိန်မှစ၍ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် ယနေ့ထိတိုင်အောင် အီရတ်နိုင်ငံ၌ သေဆုံး၊ ဒဏ်ရာရလျက်ရှိကြသည်။

၂၀၀၄ ခုနှစ် ဩဂုတ် ၂၃ရက် တနင်္လာနေ့အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၉၅၈ဦးဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဌာနက ကြေညာသည်။ ယင်းအနက် ၇၁၆ဦးမှာ တိုက်ပွဲ၌သေဆုံးပြီး ၂၄၂ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်ကြောင်း သိရသည်။

သေဆုံး

ထို့အပြင် အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၆၄ဦး၊ အီတလီ ၁၈ ဦး၊ စပိန် ၁၁ ဦး၊ ဘူဂေးရီးယား ခြောက်ဦးနှင့် ပိုလန် ၁၀ ဦး၊ ယူကရိန်း ခြောက်ဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြားနှစ်ဦး၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒို၊ အက်စ်တိုးနီးယား၊ ဟန်ဂေရီ၊ လတ်ဗီးယားနှင့် နယ်သာလန်တို့ တစ်ဦးစီ သေဆုံးခဲ့ကြသည်ဟု ဆိုသည်။

ပြောကြား

သမ္မတဘုရှ်က ၂၀၀၃ ခုနှစ် မေ ၁ ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်၌သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်အရေအတွက်မှာ ၈၂၀ ဦးဖြစ်ပြီး ယင်းအနက် ၆၀၇ဦးမှာ တိုက်ပွဲ၌သေဆုံး၍ ၂၁၃ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ ***အင်တာနက်။***

ကန်တပ်ဖွဲ့များက နာဂျက်ဖ်မြို့ကို အပြင်းအထန်တိုက်ခိုက်

နာဂျက်ဖ် (အီရတ်) ဩဂုတ် ၂၂

အမေရိကန်တင့်ကားများသည် ရက်သတ္တပတ်သုံးပတ်ကြာ တွန်းလှန်တိုက်ခိုက်မှု ဖြစ်ပွားသည့်နေရာရှိ ဝတ်ကျောင်း၏ ကိုက် ၈၀၀အတွင်း သွားလာနေကြစဉ် လက်နက်မျိုးစုံတပ်ထားသည့် အမေရိကန် ရဟတ်ယာဉ်များက နာဂျက်ဖ်မြို့လယ်အား အပြင်းအထန် ပစ်ခတ်တိုက်ခိုက်ကြသည်။ အီမန်အလီဝတ်ကျောင်းသိမ်းပိုက်ထားမှု အဆုံးသတ်ရေးအတွက် ရည်ရွယ်ကာ ညှိနှိုင်းဆွေးနွေးမှု ပြုလုပ်ခဲ့မှုနှင့်အတူ အမေရိကန် တပ်ဖွဲ့ဝင်များက နာဂျက်ဖ်မြို့ရှိ ရှီးယိုက်ခေါင်းဆောင် အယ်လ်ဆာဒါ၏ သစ္စာခံလက်နက်ကိုင်တပ်သားများ နေထိုင်ရာတစ်ဝိုက်အားတင်းတင်းကျပ်ကျပ် ထိန်းချုပ်ထားသည်။

၄၀သေဆုံး

နာဂျက်ဖ်မြို့အနီးကူဖာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် မီဒီလက်နက်ကိုင်တပ်သားများ စနေနေ့က တိုက်ခိုက်မှုဖြစ်ပွားသဖြင့် လူ ၄၀ သေဆုံးခဲ့ရသည်။ သေဆုံးသူများမှာ မီဒီလက်နက်ကိုင်တပ်သားများနှင့် အရပ်သားများဖြစ်ကြောင်း ပြည်ထဲရေးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်ကပြောကြားသည်။ အမေရိကန်သံချပ်ကာကားများ၏ ပစ်ခတ်သံသည် နာဂျက်ဖ်ဝတ်ကျောင်းသို့ ဦးတည်သွားရာလမ်းများတစ်လျှောက် ကြားနေရသည်။ ယင်းနေရာတွင် မီဒီလက်နက်ကိုင်များခိုအောင်းကာ အီရတ်အစိုးရ၏အမိန့်ကို အာခံနေကြခြင်းဖြစ်သည်။ မီဒီလက်နက်ကိုင်တပ်သားများက စိန်ပြောင်းဖြင့် ပစ်ခတ်ပြီးနောက် အမေရိကန် တင့်ကားများသည် မီဒီလက်နက်ကိုင်များ၏ စခန်းနှင့်အနီးဆုံးသို့ ရောက်အောင်သွားခဲ့ကြသည်။

ပစ်ခတ်တိုက်ခိုက်

နောက်ဆုံးဖြစ်သည့်တိုက်ပွဲတွင် လူသေဆုံးမှုသတင်းလောလောဆယ် မရရှိသေးပေ။ အယ်လ်ဆာဒါ၏ သစ္စာခံလက်နက်ကိုင်တပ်သားများက ရှီးယိုက် ထိပ်တန်းခေါင်းဆောင် အယ်လ်စစ္စတာနီထံသို့ ဝတ်ကျောင်းလွှဲပြောင်းပေးရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်အား ညှိနှိုင်းရေးသမားများက သဘောတူညီခြင်းမရှိသည့်နောက် တိုက်ခိုက်မှုများ ထပ်မံပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ တနင်္ဂနွေနေ့စောစောပိုင်းက လက်နက်မျိုးစုံ တပ်ဆင်ထားသည့် အမေရိကန်ရဟတ်ယာဉ်က လက်နက်ကြီးများဖြင့် တွန်းလှန်တိုက်ခိုက်သူများအား ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ***အင်တာနက်။***

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် ကင်းလှည့်နေသော အမေရိကန် သံချပ်ကာကားတစ်စီးကို ဩဂုတ် ၂၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နာဂျက်ဖ်မြို့တွင် တိုက်ခိုက်မှုများ ပြင်းထန်စွာဖြစ်ပွား
ကန် သံချပ်ကာကားများကို ခုခံရေးသမားများက အကြိမ်ကြိမ်တိုက်ခိုက်

နာဂျက်ဖ် ဩဂုတ် ၂၂

နာဂျက်ဖ်မြို့ရှိ အီမန်အလီဝတ်ကျောင်းတော်အနီးတွင် ရှီးယိုက်ခုခံရေးသမားများနှင့်အမေရိကန်တပ်ဖွဲ့များအကြား တိုက်ပွဲဖြစ်ပွားခဲ့သည်ကို အေအက်ဖ်ပီ သတင်းထောက်က ကိုယ်တွေ့ကြုံခဲ့ရသည်။ ကျောင်းတော်ကြီးအနီး ကိုက် ၃၀၀ ခန့်အကွာတွင် နေရာယူထားသော အမေရိကန်သံချပ်ကာကားများကို ရှီးယိုက်ခေါင်းဆောင် မိုတာဒါဆာဒါအား သစ္စာခံသော ခုခံဆန့်ကျင်ရေးသမားများက အကြိမ်ကြိမ်တိုက်ခိုက်ကြသည်ကို တွေ့မြင်ခဲ့ရသည်ဟု ဆိုသည်။

အမေရိကန် တင့်ကားများ၏ ပြန်လည်ပစ်ခတ်သံများ၊ သေနတ်သံများနှင့် စိန်ပြောင်းသံများကို ဝတ်ကျောင်းဝင်းအတွင်းမှ ကောင်းစွာကြားခဲ့ကြရသည်။ လင်းအားကြီးပိုင်း ၂နာရီခွဲမှ ၃နာရီအတွင်းတွင် အမေရိကန် စစ်လေယာဉ်များသည် မာဒီမြို့လယ်ကောင်ကို ဗုံးကြဲတိုက်ခိုက်ခဲ့ကြသည့်အတွက် ပေါက်ကွဲသံကြီးသုံးခု ကြားခဲ့ကြရသည်။ ထိုပေါက်ကွဲမှုများသည် မာဒီတပ်ဖွဲ့များ ဌာနချုပ်ရှိရာအနီး ဖြစ်ကြောင်းသိရသည်။

စစ်ဆင်မှုများကို အမေရိကန်တပ်ဖွဲ့များက နာဂျက်ဖ်မြို့၌ ဆက်လက်ပြုလုပ်နေသည်ဆိုသော သတင်းကို စစ်ဘက် ပြောရေးဆိုခွင့်ရှိသူက အတည်ပြုသည်။ ထိုစစ်ဆင်မှုများမှာ အီရတ်ကြားဖြတ်အစိုးရ မေတ္တာရပ်ခံချက်အရ ဆက်လက်ဆောင်ရွက်ခြင်း ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ယခု ဖြစ်ပေါ်လာသော တိုက်ခိုက်မှုများသည် စနေနေ့က ဖြစ်ပွားသော တိုက်ခိုက်မှုထက်ပင် ပိုမိုပြင်းထန်ကြောင်း အေအက်ဖ်ပီသတင်းထောက်က ဆိုသည်။ စနေနေ့က ပစ်ခတ်မှုများမှာ ကြို့ကြားကြို့ကြားသာ ဖြစ်ခဲ့သည်။

တိုက်ပွဲဖြစ်

ထို့အပြင် အီရတ်နိုင်ငံတောင်ပိုင်းရှိ ဘာဆာရာနှင့် အာမာရာမြို့များ၌လည်း မာဒီတပ်ဖွဲ့များနှင့် ဗြိတိသျှတပ်ဖွဲ့များအကြား တိုက်ပွဲများ ညလုံးပေါက်ဖြစ်ပွားခဲ့သည်။ ဗြိတိသျှတိုက်ကင်းအဖွဲ့များနှင့် တပ်စခန်းများကို လက်နက်ငယ်များ၊ စိန်ပြောင်းများနှင့် ပစ်ခတ်ခံရခြင်းဖြစ်ကြောင်း အမျိုးသမီးတစ်ဦးက ဆိုသည်။ ဗြိတိန်တပ်ဖွဲ့များ၏ ပြန်လည်ခုခံမှုကြောင့် ခုခံရေးသမားအချို့ အထိအခိုက်ရှိကြောင်း သိရသည်။ မည်ရွေ့မည်မျှ အထိအခိုက်ရှိသည်ကိုမူ မသိရပေ။ ***အင်တာနက်။***

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် အီရတ်ခုခံတိုက်ခိုက်ရေးသမားများနှင့် တိုက်ခိုက်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို ဩဂုတ် ၂၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တောင်ပိုင်းရေနံမြေကုမ္ပဏီ ဌာနချုပ်ရုံး တိုက်ခိုက်ခံရ အီရတ်၏ ရေနံတင်ပို့မှုလုပ်ငန်း ထိခိုက်ပျက်စီး

ဘဂ္ဂဒက် ဩဂုတ် ၂၂

အီရတ်နိုင်ငံတွင် တောင်ပိုင်းရေနံမြေကုမ္ပဏီ၏ ဌာနချုပ်အဆောက်အအုံနှင့် ယင်းကုမ္ပဏီ၏ ရေနံပိုက်လိုင်းကို တိုက်ခိုက်သည့်ဖြစ်ရပ်များ ပေါ်ပေါက်ခဲ့ပြီးနောက် ပြည်ပသို့ ရေနံတင်ပို့မှု ထက်ဝက်ကျဆင်းသွားကြောင်း၊ အရန်ပိုက်လိုင်းကို အသုံးပြု၍ ရေနံတင်ပို့လျက်ရှိကြောင်း နိုင်ငံပိုင် အဆိုပါရေနံကုမ္ပဏီက စနေနေ့တွင် ပြောကြားသည်။

တင်ပို့မှုကျဆင်း

အီရတ်တောင်ပိုင်းရှိ အဓိကကျသော ရေနံပိုက်လိုင်းကြီးတစ်လိုင်းကို ဩဂုတ် ၉ ရက်က တိုက်ခိုက်ခဲ့ချိန်မှစ၍ ရေနံတင်ပို့မှု ထက်ဝက်ကျဆင်းသွားပြီး တစ်ရက်လျှင် ရေနံစည်တစ်သန်း တင်ပို့လျက်ရှိကြောင်း၊ တိုက်ခိုက်ခံရချိန်မှစ၍ အရန်ရေနံပိုက်လိုင်း တစ်လိုင်းမှတစ်ဆင့် ရေနံပေးပို့နေကြောင်း ရေနံလုပ်ငန်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

တိုက်ခိုက်

အမေရိကန်ဆန့်ကျင်ရေး ခုခံတိုက်ခိုက်ရေးသမား မိုတာဒါအယ်လ်ဆာဒါအား သစ္စာခံသည့် တိုက်ခိုက်ရေးသမားများအဖြစ် ယူဆရသော ရှီးယိုက်တိုက်ခိုက်ရေးသမားများက ဘာဆာရာမြို့ရှိ တောင်ပိုင်း ရေနံမြေကုမ္ပဏီ ဌာနချုပ်ကို ကြာသပတေးညက တိုက်ခိုက်ခဲ့ရာ အဖျက်အမှောင့်ပြုလုပ်သည့် အခြေအနေ ပိုမိုဆိုးရွားသွားခဲ့သည်။ ယင်းတိုက်ခိုက်မှုသည် အီရတ်ကြားဖြတ်အစိုးရအဖွဲ့က အဓိကကျသော အခြေခံ အဆောက်အအုံများကို ကာကွယ်စောင့်ရှောက်ပေးနိုင်ခြင်း မရှိပုံကို ဖော်ပြလျက်ရှိသည်။ ဆာဒါ၏ နောက်လိုက် နောက်ပါများသည် အမေရိကန်တပ်ဖွဲ့ကို ဆန့်ကျင်ကြောင်း ပြသရာတွင် ရေနံလုပ်ငန်းကဏ္ဍ ပျက်ပြားစေရန် လုပ်ဆောင်နေကြောင်း ရေနံတာဝန်ရှိသူက ပြောကြားသည်။

တောင်ပိုင်း ရေနံကုမ္ပဏီဌာနချုပ် တိုက်ခိုက်ခံရသည့်ဖြစ်ရပ်တွင် မိမိတို့၏ တပ်ဖွဲ့ဝင်များ ပါဝင်ပတ်သက်ခြင်းမရှိဟု ဆာဒါ၏ မီဒီတပ်ဖွဲ့မှ ဘာဆာရာမြို့ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။ ယင်းတိုက်ခိုက်မှုကြောင့် အထပ်ရှစ်ထပ်ရှိ ဌာနချုပ်ရုံး အဆောက်အအုံ မီးလောင်ကျွမ်းခံခဲ့ရသည်။

အမ်အင်အေ၊ရိုက်တာ။

ဆာဒါစီးတီးတွင် တိုက်ခိုက်မှုများဖြစ်ပွား

ဘဂ္ဂဒက် ဩဂုတ် ၂၂

အမေရိကန် တပ်ဖွဲ့ဝင်များနှင့် ရှီးယိုက် တွန်းလှန်တိုက်ခိုက်ရေးသမားများသည် ဆာဒါစီးတီး ဆင်းရဲသားရပ်ကွက်တွင် တိုက်ခိုက်မှုများ ဖြစ်ပွားရာ ခုခံတိုက်ခိုက်ရေးသမားများနှင့် အရပ်သား ၅၀ ကျော် သေဆုံးခဲ့ကြောင်း မီဒီ အုပ်စု၏ ပြောရေးဆိုခွင့်ရှိသူ အယ်လ်ကာဘီက ပြောကြားသည်။ အမေရိကန် တပ်ဖွဲ့ဝင်များသည် ရှီးယိုက်ခေါင်းဆောင် အယ်လ်ဆာဒါ၏ သစ္စာခံများနှင့် လွန်ခဲ့သည့် ရက်သတ္တ နှစ်ပတ်ကပင် တိုက်ခိုက်မှုများဖြစ်ပွားလျက်ရှိသည်။ ယခုရက်ပိုင်းတွင် အမေရိကန်တပ်ဖွဲ့၏ ထိုးစစ်သည် ပြင်းထန်လာဖွယ်ရှိသည်။ အမေရိကန်တင့်ကားများက ဆာဒါမြို့ ဆင်းရဲသား ရပ်ကွက်ရှိ လမ်းမတစ်လျှောက်တွင် ကြာသပတေးနေ့က သွားလာလှုပ်ရှားနေပြီး လက်နက်မျိုးစုံ တပ်ဆင်ထားသည့် ရဟတ်ယာဉ်များကလည်း မိုးပေါ်မှပျံဝဲရင်း ခုခံရေးသမားများအား ပစ်ခတ်နေသည်။

အင်တာနက်။

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များအား ဩဂုတ် ၂၂ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကန် မရိန်းတပ်ဖွဲ့ဝင်နှစ်ဦး ဘဂ္ဂဒက်တွင် သေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၂၂

မတည်မငြိမ်ဖြစ်နေသည့် ဘဂ္ဂဒက်မြို့ အနောက်ပိုင်းတွင် သီးခြားစီတိုက်ခိုက်မှုများတွင် အမေရိကန် မရိန်းတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက သောကြာနေ့တွင် ပြောကြားသည်။

အမေရိကန် မရိန်းတပ်ဖွဲ့ဝင်တစ်ဦးမှာ ဗုဒ္ဓဟူးနေ့က ရရှိခဲ့သည့်ဒဏ်ရာ ကြောင့် သေဆုံးခဲ့ခြင်းဖြစ်ပြီး အခြားမရိန်းတပ်ဖွဲ့ဝင်တစ်ဦးမှာ အယ်လ်အာဘာပြည်နယ်၌ ဖြစ်ပွားသည့် တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ခြင်း ဖြစ်သည်ဟု ဆိုသည်။ အယ်လ်အာဘာ ပြည်နယ်ထဲတွင် မငြိမ်မသက်ဖြစ်နေသော ဆွန်နီအများစု နေထိုင်ရာ ဖော်လူဂျာမြို့နှင့် ရာမာဒီမြို့များ ပါဝင်သည်။

လွန်ခဲ့သည့်နှစ်က အီရတ်နိုင်ငံကို အမေရိကန် ဦးဆောင်သည့် တပ်ဖွဲ့များ ဝင်ရောက် ကျူးကျော်ခဲ့ချိန်နောက်ပိုင်း အီရတ်နိုင်ငံ၌ တိုက်ခိုက်မှုများကြောင့် သေဆုံးခဲ့ရသည့် အမေရိကန်တပ်ဖွဲ့ဝင် ဦးရေမှာ ၇၀၀ ဦးရှိသွားပြီဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

အိမ်စာခံများကို ပြန်လွှတ်ပေးရန် နီပေါနိုင်ငံခြားရေးဝန်ကြီး တိုက်တွန်း

ဒူဘိုင်း ဩဂုတ် ၂၃

နီပေါနိုင်ငံအစိုးရက နီပေါနိုင်ငံသား ၁၂ဦး ပြန်ပေးဆွဲခံရကြောင်း ယခုထက်တိုင် တရားဝင်အတည်ပြုချက် မရရှိသေးသော်ငြားလည်း အီရတ်နိုင်ငံတွင် ဓားစာခံအဖြစ် အဖမ်းခံထားရသူများအား လွှတ်ပေးပါရန် နီပေါနိုင်ငံခြားရေးဝန်ကြီးက အစ္စလမ္မစ်အုပ်စုအား တနင်္ဂနွေနေ့က တိုက်တွန်းပြောကြားလိုက်သည်။

ပြန်ပေးဆွဲခံ

အန်ဆာအယ်လ် - ဆွန်နာ တပ်မတော်က နီပေါနိုင်ငံသားအလုပ်သမား ၁၂ဦးသည် အီရတ်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်နေမှုကြောင့် ဩဂုတ် ၁၉၊ ၂၀ ရက်တွင် ပြန်ပေးဆွဲခဲ့ကြောင်းဖြင့် ကြေညာချက်တစ်ရပ်ထုတ်ပြန်ကာ ဝက်ဘ်ဆိုက်တွင် သောကြာနေ့က ဖော်ပြခဲ့သည်။

ယင်းအလုပ်သမားများ ပြန်ပေးဆွဲခံခဲ့ရပါက မိမိတို့က ၎င်းတို့အား လွှတ်ပေးရန် တောင်းဆိုပါကြောင်း၊ ၎င်းအလုပ်သမားများသည် စစ်ရေးကိစ္စများ ဆောင်ရွက်နေခြင်းမဟုတ်ဘဲ ပြည်ပနိုင်ငံသို့ ရေကြည်ရာမြက်နုရာ ဆိုသလို လုပ်ငန်းရှာဖွေနေကြသည့် သာမန် အလုပ်သမားများသာ ဖြစ်ကြောင်း နီပေါနိုင်ငံခြားရေးဝန်ကြီး ပရာကက်ရှ်ရှာရာ မာဟတ်က အယ်လ်ဂျာဇီရာရုပ်မြင်သံကြားဌာနသို့ တယ်လီဖုန်းဖြင့် ဆက်သွယ် အကြောင်းကြားပြောကြားသည်။

မိမိတို့က အီရတ်နိုင်ငံသားများအား လေးစားပါကြောင်း၊ မိမိတို့နိုင်ငံသားအလုပ်သမား ၁၂ဦးအား ပြန်ပေးဆွဲစရာအကြောင်း မရှိကြောင်း၊ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် အလုပ်ရှာရန်အတွက် အီရတ်သို့ လာခဲ့ခြင်းကြောင့်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ပိတ်ပင်

နီပေါအစိုးရက ၎င်း၏ နိုင်ငံသားများအား အီရတ်နိုင်ငံသို့ အလည်အပတ် သွားရောက်ရန်နှင့် လုပ်ငန်းလုပ်ကိုင်ရန် ပိတ်ပင်တားမြစ်ထားခဲ့သည်။ သို့ရာတွင် နီပေါနိုင်ငံသားများသည် အရှေ့အလယ်ပိုင်းဒေသ နေရာအနှံ့အပြားမှ အီရတ်နိုင်ငံသို့ လှည့်လည်သွားလာနေကြသည်ဟု သိရှိရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

မိုဆူးလ်တွင် ချုံခိုတိုက်ခိုက်

မိုဆူးလ် ဩဂုတ် ၂၃

အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့တွင် ဩဂုတ်လ ၂၂ ရက်က ချုံခိုတိုက်ခိုက်မှုတစ်ခု ဖြစ်ပွားခဲ့သည်။ ထိုတိုက်ခိုက်မှုတွင် အင်ဒိုနီးရှားအလုပ်သမားတစ်ဦးနှင့် အီရတ်နှစ်ဦးတို့ သေဆုံးသွားကြောင်း အီရတ်ရဲတပ်ဖွဲ့မှ လာသော သတင်းများအရ သိရသည်။

နိုင်ငံခြားကုမ္ပဏီတစ်ခုအတွက် အလုပ်လုပ်နေသော နိုင်ငံခြားသားနှစ်ဦးတို့ စီးလာသောယာဉ်ကို ပြောက်ကျားများက ဖြတ်တောက်ပြီး ချုံခိုတိုက်ခိုက်ခဲ့ကြသည်။ သေဆုံးသွားသော အီရတ်နှစ်ဦးအနက် တစ်ဦးမှာ ယာဉ်မောင်းဖြစ်ပြီး အခြားတစ်ဦးမှာ လုံခြုံရေးဝန်ထမ်းဖြစ်သည်။ မိုဆူးလ်ဒေသတွင် နိုင်ငံခြားကန်ထရိုက်တာအများအပြား ပြောက်ကျားများလက်ချက်ဖြင့် သေဆုံးခဲ့ရပြီးဖြစ်သည်။ ထိုဒေသသည် တိုက်ခိုက်မှုပြင်းထန်သည့် ဒေသဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ကျေးရွာပေါင်း ၆၁၀မှ ဒေသခံပြည်သူ သုံးသိန်းခြောက်သောင်းကျော် အလွယ်တကူ သွားလာရောင်းဝယ်ဖောက်ကားနိုင်အောင် အကျိုးပြုမည်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မကွေးတိုင်း သရက်ခရိုင် မင်းလှမြို့နယ်ရှိ ရွှေချောင်းတံတားဖွင့်ပွဲ အခမ်းအနားတွင် မှတ်တမ်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

➪ **ပုသိမ်–မုံရွာလမ်းမှ**

ရွှေချောင်းတံတား ဖွင့်ပွဲအခမ်းအနားကို နံနက် ၈နာရီတွင် အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်း၊ မကွေးတပ်နယ်မှ ဗိုလ်မှူးကြီးအောင်သန်းထွဋ်နှင့် တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ဘင်ခရာအဖွဲ့၊ ပန်းဖွားအကအဖွဲ့၊ ကဗျာလွတ်အကအဖွဲ့၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အနုပညာရှင်များ၊ မင်္ဂလာဆိုင်းအဖွဲ့၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူများ အင်အား ၁၆၀၀၀ကျော် တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရွှေချောင်းတံတားဖွင့်ပွဲတွင် ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အမှာစကားပြောကြားရာတွင် ယနေ့ဖွင့်လှစ်သည့် ရွှေချောင်းတံတားသည် ပုသိမ်–မုံရွာ(မြောက်ပိုင်း)လမ်း မင်းလှမြို့နယ် ရှမ်းတပ်ကြီး ကျေးရွာအနီး ရွှေချောင်း(ပနီချောင်း)ကို ဖြတ်ပြီး တည်ဆောက်ထားသည့် တံတားဖြစ်ကြောင်း။

ယခင်က ရွှေချောင်းတံတားကို သစ်သားတိုင်နှင့် အပေါ်ထည်ဘေလီသံပေါင်အမျိုးအစား တံတားကိုပင် တည်ဆောက် ထားခဲ့သည့်အတွက် မိုးရာသီကာလမှာ ရွှေချောင်းရေ တရဟောကျလာသည့်အခါ တံတားမျောပါပျက်စီးမှုများရှိခဲ့ရပြီး မကြာခဏ ပြုပြင်မှုများဆောင်ရွက်ခဲ့ကြရကြောင်း၊ ခရီးသွား ပြည်သူများသည်လည်း ချောင်းရေကျချိန်အထိ ညအိပ်စောင့်ဆိုင်းသွားလာရခြင်းကြောင့် ဒုက္ခများစွာ တွေ့ကြုံရကြောင်း၊ ထို့ကြောင့် ဧရာဝတီအနောက်ခြမ်း၌ အဓိကကျသည့် ပုသိမ်–မုံရွာလမ်းမကြီး ရာသီမရွေးသွားလာနိုင်ရေးအတွက် ရွှေချောင်းတံတားကို ယခုကဲ့သို့ ကြိုတင်အားဖြည့်ကွန်ကရစ်တံတားအဖြစ် အခိုင်အမာပြန်လည် တည်ဆောက်ပေးခဲ့ခြင်း ဖြစ်ကြောင်း။

အကျိုးပြုကျေးရွာ

ထိုတံတားကြီးသည် ကံမမြို့နယ်၊ မင်းတုန်းမြို့နယ်၊ မင်းလှမြို့နယ် အနောက်ခြမ်းနှင့် ငဖဲမြို့နယ် တောင်ဘက်ခြမ်းတို့ အဓိကဆက်သွယ်အကျိုးပြုနေကြောင်း၊ ကံမမြို့နယ်က ၁၅၄ ရွာ၊ မင်းတုန်းမြို့နယ်က ကျေးရွာပေါင်း ၁၇၈ ရွာ၊ မင်းလှမြို့နယ်က ကျေးရွာပေါင်း ၁၅၇ ရွာ၊ ငဖဲမြို့နယ်က ကျေးရွာပေါင်း ၁၂၁ ရွာ စုစုပေါင်း ကျေးရွာပေါင်း ၆၁၀၊ ဒေသခံပြည်သူ သုံးသိန်း ခြောက်သောင်းကျော် အလွယ်တကူ သွားလာရောင်းဝယ်ဖောက်ကားနိုင်အောင် အကျိုးပြုမည်ဖြစ်ကြောင်း။

ယင်းရွှေချောင်းတံတား ပြီးစီးသွားသည့်အတွက် ပုသိမ်မှပဒါန်း–မင်းဘူး–မုံရွာလမ်းကို သွားရောက်ရာ၌ များစွာ အဆင်ပြေချောမွေ့သွားစေမည် ဖြစ်ကြောင်း၊ မြစ်ဝကျွန်းပေါ်က ထွက်ကုန်သီးနှံများ၊ ရေထွက်ပစ္စည်းများ အထက်အညာကို ပို့ဆောင်ရာတွင်ဖြစ်စေ၊ အထက်အညာဒေသက ထွက်ကုန်များကို အောက်ပြည်အောက်ရွာသို့ ပေးပို့ရာတွင်ဖြစ်စေ ပိုမိုသွက်လက်မြန်ဆန်လာမည်ဖြစ်ကြောင်း၊ ခရီးသည်အတွက်သာမက ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရာတွင်ပါ သွက်လက်မြန်ဆန်စေမည် ဖြစ်ကြောင်း။

ထို့အပြင် ရွှေစက်တော်ဘုရားဖူး သွားလာကြသည့် ပြည်သူများသည်လည်း ရန်ကုန်၊ ပြည်မှတစ်ဆင့် ဧရာဝတီ(နဝဒေး)တံတားအားဖြတ်သန်းပြီး ပုသိမ်–မုံရွာလမ်းအတိုင်း မင်းတုန်း–ပဒါန်းမှတစ်ဆင့် ရွှေစက်တော်ဘုရားကို အလွယ်တကူရောက်ရှိ ဖူးမြော်နိုင်မည်ဖြစ်ကြောင်း၊ ယခုအခါ မုံရွာ–ကလေးဝ–ကလေး–တမူးလမ်းသစ်ကြီးသည်လည်းပြီးစီးနေပြီဖြစ်သည့်အတွက် ဤတံတားကြီးတည်ရှိသည့် ပုသိမ်–မုံရွာလမ်းကြီးကတစ်ဆင့် တစ်ဖက်နိုင်ငံသို့ ကုန်စည်ရောင်းဝယ်ဖောက်ကားမှုများလည်း တိုးတက်လာနိုင်ပြီဖြစ်ကြောင်း။

အခြေခံလိုအပ်ချက်

နယ်မြေဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်ရေးသည် အရေး အကြီးဆုံးနှင့် အခြေခံအကျဆုံး လိုအပ်ချက်ပင်ဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ချောမွေ့သည်နှင့်တစ်ပြိုင်နက် ကုန်သွယ်စီးပွားရေးလုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်ပြီး ဒေသ၏ စီးပွားရေးသည် တိုးတက်ဖြစ်ထွန်းလာမည်ဖြစ်ကြောင်း၊ တစ်ဆက်တည်းမှာပင် စီးပွားကုန်သွယ်မှု၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာသည်နှင့် အမျှ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အခြေခံများလည်း အဘက်ဘက်က တိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရသည် ပြည်ထောင်စုနယ်မြေဒေသ အားလုံး တစ်ပြိုင်တည်းဟန်ချက်ညီညီ မျှမျှတတ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သည့်အတွက် ဖွံ့ဖြိုးရေးစီမံကိန်းကြီး သုံးရပ်ဖြစ်သည့် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ ဖွံ့ဖြိုးရေး ဒေသကြီးများဆိုင်ရာ စီမံကိန်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်တို့ကို ဆက်စပ်အကောင်အထည်ဖော်ဆောင်ရွက်ပေးနေမှုကို အားလုံး သိရှိပြီးဖြစ်ကြောင်း။

တံတား ၁၄စင်း

မကွေးတိုင်းအတွင်းမှာပင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ရွှေချောင်းတံတားအပါအဝင် ဧရာဝတီတံတား (မကွေး)၊ အနော်ရထာတံတားစသည့် တံတားကြီး တံတားငယ်ပေါင်း၁၁စင်းကိုလည်းကောင်း၊ မြန်မာ့မီးရထားက မြစ်သာ မြစ်ကူးတံတား၊ ဘွက်ကြီးတံတားနှင့် ယင်းချောင်းတံတား သုံးစင်းကိုလည်းကောင်း တည်ဆောက်ပေးပြီးဖြစ်၍ စုစုပေါင်း ပေ ၁၈၀အထက် တံတားပေါင်း ၁၄စင်း ဆောက်လုပ်ပေးပြီးဖြစ်ကြောင်း၊ ယင်းကဲ့သို့ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်အောင် ဆောင်ရွက်ပေးရင်း တစ်ဖက်မှာလည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သည့် အခြေခံများကို တည်ဆောက်ပေးလျက်ရှိကြောင်း၊ မကွေးတိုင်းမှာဆိုလျှင် ဆည်တမံလုပ်ငန်းပေါင်း ၂၆ခု တည်ဆောက်ပေးပြီးဖြစ်၍ စိုက်ပျိုးမြေဧက ၁၇၆၀၀၀ ကျော်ခန့်သည် စိုက်ပျိုးရေများရရှိပြီး သီးထပ်များတိုးချဲ့ စိုက်ပျိုးနိုင်ပြီဖြစ်ကြောင်း။

ထို့အပြင် စိုက်ပျိုးရေ ရရှိရေး နည်းလမ်းတစ်ရပ်ဖြစ်သည့် မြစ်ရေတင်လုပ်ငန်းများကိုလည်း တည်ဆောက်ပေးလျက်ရှိရာ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းပေါင်း ၁၈ခု၊ ဒီဇယ်ဆီမြစ်ရေတင်လုပ်ငန်း ၂၆ခု၊ စုစုပေါင်း မြစ်ရေတင်လုပ်ငန်း ၄၄ခု တည်ဆောက်ပေးထားပြီး စိုက်ပျိုးရေပေးဝေလျက်ရှိကြောင်း။

ဆန်စပါး မဖူလုံသည့် မကွေးတိုင်းဆန်ဖူလုံရေးအတွက် ယာမြေများကို လယ်မြေအဖြစ် ပြောင်းလဲလုပ်ကိုင်လာပြီး စပါးစိုက်ဧကများ တိုးတက်လာနေပြီဖြစ်၍ မကြာမီအချိန် နှစ်ပိုင်းကာလ၌ ဆန်ဖူလုံလာတော့မည် ဖြစ်ကြောင်း၊ အခြားဖြစ်ထွန်းသည့် ဆီထွက်သီးနှံနှင့် ဝါတို့ကိုလည်း တိုးချဲ့စိုက်ပျိုးနိုင်တော့မည် ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက တံတားတည်ဆောက်ရေးလုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းက အမှာစကားပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူများကိုယ်စား ဒေသခံပြည်သူတစ်ဦးက တံတား တည်ဆောက်ပေးမှုအတွက် နိုင်ငံတော်အစိုးရအား ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းနှင့် အဖွဲ့ဝင်များသည် ရွှေချောင်းတံတားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ရန် တံတားမုခ်ဦးထိပ်၌ နေရာယူကြပြီး မင်္ဂလာအချိန် ကျရောက်သည်နှင့် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းတို့က ရွှေချောင်းတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီး၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တံတားမုခ်ဦးရှေ့၌ ဒေသခံပြည်သူများနှင့် အတူ စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ရွှေချောင်းတံတား မှတ်တမ်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ကျောက်စာတိုင်ကို အမွှေးနံ့သာများပက်ဖျန်းပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းနှင့် အဖွဲ့ဝင်များသည် ဒေသခံပြည်သူများနှင့်အတူ တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုကြပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

အရှည်ပေ ၅၀၀

အဆိုပါ ရွှေချောင်းတံတားသည် ပုသိမ်–မုံရွာလမ်း(မြောက်ပိုင်း) မိုင်တိုင်အမှတ်(၇၉/၀)၌ တည်ရှိပြီး တံတားအရှည်မှာပေ ၅၀၀ဖြစ်သည်။ ယာဉ်သွားလမ်း အကျယ် ၂၈ပေနှင့် လူသွားလမ်း တစ်ဖက်သုံးပေစီရှိပြီး တံတားခံနိုင်သည့် ဝန်တန်ချိန်မှာ တန် ၆၀ ဖြစ်သည်။

တံတားကိုယ်ထည်ပိုင်းကို သံကူကွန်ကရစ်ဖြင့် တည်ဆောက်ထားပြီး အပေါ်ပိုင်းကို ကြိုတင်အားဖြည့်ကွန်ကရစ်ရက်မ သံကူကွန်ကရစ်ကြမ်းခင်းနှင့် လက်ရန်းတို့ဖြင့် တည်ဆောက်ထားကာ တံတားအောက်ရေလမ်းကင်းလွတ် အမြင့်မှာ ငါးပေဖြစ်ကြောင်း သိရှိရသည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်အား စီမံကိန်းရှင်းလင်းဆောင်၌ တံတားတည်ဆောက်ရေး စီမံကိန်းအထူးအဖွဲ့(၁၃)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးမြင့်က သရက်မြို့နှင့် ကမ္ဘမြို့အကြားရှိ ရေနံ့သာ တံတားတည်ဆောက်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။ (သတင်းစဉ်)

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းတို့က မကွေးတိုင်း သရက်ခရိုင် မင်းလှမြို့နယ်ရှိ ရွှေချောင်းတံတားဖွင့်ပွဲအခမ်းအနားတွင် ရွှေချောင်းတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

စာတတ်သူတိုင်း စာဖတ်ရေး — စာကြည့်တိုက်များ ဖွင့်လှစ်ပေး

ပညာတန်ဆောင်စာကြည့်တိုက်

မကွေးတိုင်း မြို့သစ်မြို့နယ် မကြီးထူးကျေးရွာ ပညာတန်ဆောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို ဖွင့်လှစ်စဉ်။

(ဓာတ်ပုံ–မြို့နယ်ပြန်/ဆက်)

ရွှေပြည်သစ်စာကြည့်တိုက်

ဧရာဝတီတိုင်း မြောင်းမြမြို့နယ် မုဆိုးကွင်းကျေးရွာအုပ်စု ရွှေပြည်သစ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။

(ဓာတ်ပုံ–ပြန်/ဆက်)

ရွှေအုန်းပင်စာကြည့်တိုက်

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် ဖရဲအုန်းပင်စု စံပြကျေးရွာတွင် ရွှေအုန်းပင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို ဤသို့ ဖွင့်လှစ်ခဲ့သည်။

(ဓာတ်ပုံ–ပြန်/ဆက်)

စာရိတ္တအင်အားစာကြည့်တိုက်

ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် ဓနီကုန်းစံပြကျေးရွာတွင် စာရိတ္တအင်အား ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို ဤသို့ ဖွင့်လှစ်ခဲ့သည်။

(ဓာတ်ပုံ–ပြန်/ဆက်)

ရွှေဥဒေါင်းစာကြည့်တိုက်

စစ်ကိုင်းတိုင်း ဝက်လက်မြို့နယ် မကျီးတုံကျေးရွာ၌ ရွှေဥဒေါင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဤသို့ ကျင်းပခဲ့သည်။

(ဓာတ်ပုံ–၂၃၀)

❁ ရွှေဖုံးမှ

ရှေ့ဦးစွာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီး ညီလာခံ ကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး၊ သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က စတုတ္ထ အကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီး ညီလာခံ ကျင်းပရေးအတွက် ကြိုတင် ပြင်ဆင်ဆောင်ရွက်မှု လုပ်ငန်းများကို ရှင်းလင်း တင်ပြစဉ်။
(သတင်းစဉ်)

ရှင်းလင်းတင်ပြ

အစီအစဉ်အရ စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ ကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ ကျင်းပရေးအတွက် အနီးကပ်ကြီးကြပ်ရေးအဖွဲ့နှင့် အတွင်းရေးမှူးများအဖွဲ့တို့ ဖွဲ့စည်းပြီးစီးမှုအခြေအနေ၊ မဟာပါသာဏလိုဏ်ဂူတော်ကြီးအတွင်း ခင်းကျင်းရန် စီစဉ်ထားရှိမှု အခြေအနေ၊ ညီလာခံကြီးတွင် တာဝန်ထမ်းဆောင်ကြမည့် ဆက်သွယ်ရေးအရာရှိများအား သင်တန်းများပို့ချပြီးစီးမှုအခြေအနေ၊ စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ အထိမ်းအမှတ်ပစ္စည်းများ စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် ဘဏ္ဍာရေးအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆပ်ကော်မတီများဖြစ်ကြသည့် အခမ်းအနားပြင်ဆင်ရေး၊ စိမ်းလန်းစိုပြည်ရေး၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး၊ ကြိုဆိုပို့ဆောင်ရေး၊ အစည်းအဝေးများ ကျင်းပရေး၊ ပြန်ကြားရေးနှင့် သတင်းမှတ်တမ်းထုတ်ပြန်ရေး၊ ဘဏ္ဍာရေး၊ ကျန်းမာရေး၊ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေး ဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ဆပ်ကော်မတီအလိုက် စီစဉ်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသူများက စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ နိုင်ငံတကာအဆင့်မီ ကျင်းပရေး

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ နိုင်ငံတကာအဆင့်မီ ကျင်းပနိုင်ရေးလုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက် ဆွေးနွေးမှာကြားစဉ်။
(သတင်းစဉ်)

ဆိုင်ရာ ကိစ္စရပ်များကို လုပ်ငန်းကဏ္ဍများအလိုက် ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးမှာကြား

ထို့နောက် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များကို ပြန်လည်ရှင်းလင်း ဆွေးနွေးမှာကြားသည်။

ယင်းနောက် ညှိနှိုင်းအစည်းအဝေးကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

လုပ်ငန်းညှိနှိုင်း အစည်းအဝေးအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ အတွက် စီစဉ်ထားရှိသော အထိမ်းအမှတ်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။
(သတင်းစဉ်)

❒ အမျိုးသားညီလာခံမှ

ဗိုလ်ချုပ်အောင်သိမ်းနှင့် ဦးထွန်းအောင်ချိန်တို့ စုံညီစွာတက်ရောက်ကြပြီး လုပ်ငန်းကော်မတီမှ တွဲဖက်အတွင်းရေးမှူး(၂)ဒေါက်တာဦးသောင်းမြင့်၊ အဖွဲ့ဝင် ဦးဆန်းထွန်းနှင့် ဦးဘဟန်၊ လုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး ဦးသန်းအောင်နှင့် အထောက်အကူပြု ဒုတိယညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် ၂၀၀၄ ခုနှစ် မေ ၁၇ရက်မှ ဇူလိုင် ၉ရက်အထိ ကျင်းပခဲ့သည့် အမျိုးသားညီလာခံ၌ ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့ ရှစ်ဖွဲ့တို့က တင်သွင်းခဲ့သော စာတမ်းများအပေါ် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့၏ ကောက်နုတ်စုစည်းချက်များကို အမျိုးသားညီလာခံ ပြန်လည်ကျင်းပသည့်အခါ တင်ပြနိုင်ရန် စာတမ်းများပြုစုခြင်း၊ စိစစ်ခြင်းများ ပြုလုပ်ကြပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။
(သတင်းစဉ်)

အမျိုးသားညီလာခံစုံညီအစည်းအဝေး အလှည့်ကျသဘာပတိ အဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီအစည်းအဝေးခန်းမ၌ ကျင်းပစဉ်။
(သတင်းစဉ်)

လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာရေး

- ❁ သဘာဝအလင်းရောင်ကိုသာ အဓိကထား သုံးစွဲပါ။
- ❁ သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်းဆုံး လိုအပ်သော လျှပ်စစ်ဓာတ်အားကို သုံးစွဲပါ။
- ❁ ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ တွင်လည်း လိုအပ်သည့် အနည်းဆုံးဓာတ်အားကို သုံးစွဲပါ။
- ❁ ဓာတ်အားအလေအလွင့်နှင့် ပြုန်းတီးမှုမရှိအောင် သုံးစွဲခြင်းဖြင့် မိမိနှင့်အများအတွက်ပါ အကျိုးရှိစေနိုင်ပါသည်။

ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အား သုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ လျှပ်စစ်ဓာတ်အား သုံးစွဲသူတိုင်းက ၄ပေ မီးချောင်းတစ်ချောင်းစီ ချွေတာသုံးစွဲခြင်းဖြင့် ၂၀ မဂ္ဂါဝပ်ရှိသည့် ဓာတ်အားပေးစက်ရုံ တစ်ရုံ တည်ဆောက်ပေးသည်နှင့် ညီမျှသည်။

ပေးအပ်လှူဒါန်း

ပုဇွန်တောင်မြို့နယ် ပုဇွန်တောင်ဥယျာဉ်အိမ်ရာ တိုက်-၉၊ အခန်း ၁၀၁/၁၀၂နေ ဗိုလ်မှူးတင်အောင်လှိုင်(ငြိမ်း)-ဒေါ်မိမိမြတ်၊ သမီး မလှိုင်မိခိုင်၊ မဝေမိလှိုင် မိသားစုတို့က သုံးထပ်ဘိုးဘွား ဆေးရုံသစ်ကြီးတည်ဆောက်ရန်အတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်းသို့ ဩဂုတ် ၁၈ရက်က ပေးအပ်လှူဒါန်းစဉ်။
(က-ပ)

✳ ဂျီအက်စ်အမ်မှ

ရန်ကုန်မြို့တွင် ဂျီအက်စ်အမ်မိုဘိုင်း တယ်လီဖုန်းစနစ်တည်ဆောက်ရန် လုပ်ငန်းအတွက် စက်ပစ္စည်းများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ အယ်လ်ကာတဲလ်ရှန်ဟိုင်းဘဲလ်ကုမ္ပဏီက လေကြောင်းခရီးဖြင့် တင်ပို့ရောက်ရှိလာပြီး ယင်းစက်ပစ္စည်းများကို စမ်းချောင်းမြို့နယ်ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဂျီအက်စ်အမ်မိုဘိုင်း ဆက်သွယ်ရေးစခန်းတွင်သယ်ယူ၍ သိုလှောင်ထားရာ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် ယနေ့နံနက် ၈နာရီတွင် စက်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဝန်ကြီးသည် စက်ပစ္စည်းများတပ်ဆင်မည့် စက်ခန်းများ ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ သတ်မှတ်ချိန်နှင့်အညီပြီးစီးအောင် ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် နံနက် ၈နာရီခွဲတွင် ဝန်ကြီးသည် အလုံမြို့နယ်ရှိ အေးရှားဝေါလ် ဆိပ်ကမ်းတံတားသို့ ရောက်ရှိသည်။ ထို့နောက် ဝန်ကြီးသည် ယင်းဆိပ်ကမ်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဇက်တီအီးကော်ပိုရေးရှင်းက ရန်ကုန်နှင့် မန္တလေးမြို့တို့၌ ဂျီအက်စ်အမ်မိုဘိုင်း တယ်လီဖုန်းစနစ်များ တိုးချဲ့တပ်ဆင်ရန်လုပ်ငန်းအတွက် ပေးပို့သောစက်ပစ္စည်းများ စင်ကာပူသမ္မတနိုင်ငံ Sea Merchant သင်္ဘောဖြင့် ရောက်ရှိလာသော ကုန်သေတ္တာများကို သယ်ယူနိုင်ရန်အတွက် မော်တော်ယာဉ်များပေါ်သို့ တင်ပေးနေသည်ကိုလည်းကောင်း၊ ကုန်သေတ္တာများဖွင့်၍ စက်ပစ္စည်းများ စစ်ဆေးနေသည်ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယခုရောက်ရှိနေသော ဂျီအက်စ်အမ် စက်ပစ္စည်းများ တပ်ဆင်ပြီးစီးပါက မိုဘိုင်း တယ်လီဖုန်းသုံးစွဲလိုသူ တစ်သိန်းခန့်အား တပ်ဆင်ပေးနိုင်မည် ဖြစ်သည်။
(သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်တရုတ်ပြည်သူ့သမ္မတနိုင်ငံ Tsingda Daring Biotechnologies Group မှ Chief Executive Officer, Mr. Deng Chongyun နှင့် အဖွဲ့ဝင်များအားကုန်းမြင့်သာရှိဗေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Tsingda Daring Biotechnologies Group မှ Chief Executive Officer, Mr. Deng Chongyun နှင့် အဖွဲ့ဝင်များအား ကုန်းမြင့်သာရှိ ဗေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ TDBG မှ အမှုဆောင်အရာရှိချုပ်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

ရန်ကုန် ဩဂုတ် ၂၄

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Tsingda Daring Biotechnologies Group မှ Chief Executive Officer, Mr. Deng Chongyun နှင့် အဖွဲ့ဝင်များအား ယနေ့ညနေ ၅နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဗေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အတူ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ၊ စွမ်းအင် ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသီ၊ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့တက်ရောက်ကြပြီးဧည့်သည်အဖွဲ့နှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံး-သံရုံး ယာယီတာဝန်ခံ Mr. Yu Boren လည်း တက်ရောက်သည်။

ဆွေးနွေး

ယင်းသို့တွေ့ဆုံရာတွင် ပျော့ဖတ်စက်ရုံ စီမံကိန်း၊ ရေအားလျှပ်စစ်စီမံကိန်းနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံကိန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။ (သတင်းစဉ်)

ကုန်သည်/စက်မှုအသင်းချုပ် အတွင်းရေးမှူးအား တရုတ်ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဆွေးနွေး

ရန်ကုန် ဩဂုတ် ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်၊ ဗဟိုအလုပ်အမှုဆောင်နှင့် အလုပ်အမှုဆောင်များအား ဩဂုတ် ၂၂ရက် နံနက်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Liaoning ပြည်နယ် Anshan People's Municipal Government မှ ဒုတိယမြို့တော်ဝန် Mr. Ge Haiying ခေါင်းဆောင်၍ အဖွဲ့ဝင် ၁၀ဦးပါ ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံဆွေးနွေးပြီးနောက် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းဆိုင်ရာကိစ္စများ၊ တရုတ်တိုင်းရင်းဆေးကုသမှုလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းများနှင့်သက်ဆိုင်သည့်ကိစ္စများကို ရင်းနှီးစွာဆွေးနွေးကြသည်။

အလားတူ ဩဂုတ် ၂၂ရက် မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံဆိုင်ရာဘင်္ဂလားဒေ့ရှ်သံရုံးမှ Commercial Counsellor, Mr. MD Aftabuzzamanသည် ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်၊ ဗဟိုအလုပ်အမှုဆောင်များ၊ အလုပ်အမှုဆောင်များအား လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံစီးပွားကုန်သွယ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး ရင်းနှီးစွာဆွေးနွေးကြသည်။ (သတင်းစဉ်)

ပို့ဆောင်နှုတ်ဆက်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ကျင်းပမည့် ဒုတိယအကြိမ် တရုတ်-အာဆီယံ လူထုဆက်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုဆွေးနွေးပွဲသို့ တက်ရောက်ရန် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဒုတိယအကြိမ် တရုတ်-အာဆီယံ လူထုဆက်သွယ်ရေး ဆွေးနွေးပွဲတက်ရောက်ရန် မြန်မာကိုယ်စားလှယ်အဖွဲ့ ထွက်ခွာ

ရန်ကုန် ဩဂုတ် ၂၄

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ ဩဂုတ် ၂၅ရက်မှ စက်တင်ဘာ ၁ရက်အထိ ကျင်းပမည့် ဒုတိယအကြိမ် တရုတ်-အာဆီယံ လူထုဆက်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုဆွေးနွေးပွဲ (2nd China-ASEAN Seminar on Mass Media Co-operation) သို့ တက်ရောက်ရန် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။

အဆိုပါ မြန်မာကိုယ်စားလှယ်အဖွဲ့အား ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ညွှန်ကြားရေးမှူး (သတင်း)ဦးဝင်းတင်၊ ညွှန်ကြားရေးမှူး (စီမံ) ဦးစိုးဝင်းနှင့် တာဝန်ရှိသူများ၊ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ၏ မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး စိုးဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင်အဖွဲ့ဝင်အဖြစ် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတိုက် စာတည်းမှူးချုပ် ဦးမောင်မောင်အေးနှင့် အဖွဲ့အတွင်းရေးမှူးအဖြစ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား လက်ထောက်ညွှန်ကြားရေးမှူး (အစီအစဉ်)ဦးရဲထွန်းတို့ လိုက်ပါသွားကြသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၅-၈-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း:

၇:၀၀	၁။	**ကျေးစူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၀	၅။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈:၀၅	၆။	အတီးပြိုင်ပွဲ
၈:၂၀	၇။	ရွှေလီတံတား
၈:၃၀	၈။	International News.
၈:၄၅	၉။	Learning English the Easy and Happy Way for Children and Beginners.
၉:၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း:

၄:၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၄:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀	၃။	Practice in Reading.
၄:၄၅	၄။	တေးသရုပ်ဖော်အစီအစဉ်
၄:၅၀	၅။	တေးဂီတအစီအစဉ်
၅:၀၅	၆။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (ပထဝီဝင်အထူးပြု) (ရက္ခဗေဒ)
၅:၂၀	၇။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၅:၃၀	၈။	အကပြိုင်ပွဲ
၅:၃၅	၉။	သီချင်းကြီးပဒေသာ
၅:၅၀	၁၀။	သင်ပုန်းရေလှောင်တမံ
၆:၀၀	၁၁။	ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ်
၆:၁၀	၁၂။	Discovery.
၆:၁၅	၁၃။	မုဟန်သွယ်သွယ်ဆိုကြမယ်
၆:၃၀	၁၄။	ညနေခင်းသတင်း
၇:၀၀	၁၅။	မိုးလေဝသအခြေအနေ
၇:၀၅	၁၆။	တေးဂီတအစီအစဉ်
၇:၂၀	၁၇။	ကြံ့ခိုင်ကျန်းမာပြည်မြန်မာ
၇:၃၅	၁၈။	တေးဂီတအစီအစဉ်
၈:၀၀	၁၉။	ပြည်တွင်းသတင်း
	၂၀။	နိုင်ငံတကာသတင်းများ
	၂၁။	မိုးလေဝသအခြေအနေ
	၂၂။	**ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ရုပ်သေးပြိုင်ပွဲ) "မဟာဇနက္က ဇာတ်တော်ကြီး" (တတိယဆု) (ရောဝတီတိုင်း)**
	၂၃။	နောက်တစ်နေ့အစီအစဉ်
	၂၄။	အစီအစဉ်ပြီး၏။

မိုးမိတ်ကုန်းမြေ သံဃပူဇာပွဲတော်

ရန်ကုန် ဩဂုတ် ၂၄

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋက ဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီး ဖွဲ့စည်း တည်ထောင်တော်မူခဲ့သော တိ=နိ ကျောင်းတိုက်ကြီးများမှ (၅၆)ကြိမ်မြောက် တိပိဋကစာမေးပွဲကြီးတွင် အောင်မြင်တော်မူခဲ့ကြ သော တိပိဋကဓရ တိပိဋကကောဝိဒ အရှင်ဣန္ဒပါလနှင့် တိပိဋကဓရ အရှင်ဣန္ဒာစရိယ နှစ်ပါးအပါအဝင် စာအောင် သံဃာတော်၃၃ပါးနှင့် ကျမ်းစွဲ၇၇ပါး တို့၏ (၄၄)ကြိမ်မြောက် ဗုဒ္ဓ၊ ဓမ္မ၊ သံဃပူဇာပွဲကို စက်တင်ဘာ၁၈ရက်မှ ၂၁ရက်အထိ ကျင်းပမည်ဖြစ်ရာ အပါး ၁၅၀၀ကျော်ရှိသော မင်းကွန်းတောင်ရိုးရှိ ပင့်သံဃာတော်များ၊ ရှင်သာမဏေများ၊ သီလရှင်များအား သင်္ကန်းဒွိစုံများ၊ သီလရှင်ဝတ်စုံများ၊ ဝတ္ထုငွေများ လှူဒါန်းဆက်ကပ်မည်ဖြစ်၍ သဒ္ဓါတရား နည်းများမဆို ကုသိုလ်ပါဝင် လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုး မျှော်၍ နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

အမှာစကားပြောကြား

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ဗဟို)အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရန်ကုန် အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပ သည့် စည်းရုံးရေးအခြေခံ(ဆင့်ပွား) သင်တန်းအမှတ်စဉ်(၂၁) ဖွင့်ပွဲတွင် အဖွင့်အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မင်္ဂလာတောင်ညွန့်မြို့နယ် စည်းရုံးရေးအခြေခံ(ဆင့်ပွား)သင်တန်း အမှတ်စဉ်(၂၁) ဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဩဂုတ် ၂၄

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သည့် စည်းရုံးရေးအခြေခံ(ဆင့်ပွား) သင်တန်းအမှတ်စဉ်(၂၁)ဖွင့်ပွဲ အခမ်းအနားကို ယနေ့မွန်းတည့် ၁၂နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း (ဗဟို)အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

အခမ်းအနားသို့ မင်္ဂလာတောင်ညွန့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများမှ အတွင်းရေးမှူးများ၊ တွဲဖက်အတွင်း ရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူ များ၊လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်း သူများ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးအသင်း(ဗဟို) အတွင်း ရေးမှူး၊ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက သင်တန်း ဖွင့်အမှာစကားပြောကြားပြီး သင်တန်း သား၊ သင်တန်းသူများနှင့် မြို့နယ် အတွင်းရှိကျောင်းသား၊ကျောင်းသူလေး များအတွက် ကျောင်းသုံးဗလာစာအုပ် များကို ပေးအပ်လှူဒါန်းရာ မင်္ဂလာ တောင်ညွန့်မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်း ရေးမှူး ဦးကျော်ရီက လက်ခံသည်။

ထို့နောက် မင်္ဂလာတောင်ညွန့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် အလှူရှင်များ၏ လှူဒါန်းငွေကျပ် တစ်သိန်းကိုးသောင်း ကို မြို့နယ်ဥက္ကဋ္ဌ ဦးချစ်ကိုကိုကလည်း ကောင်း၊ ဦးထွန်းမြင့်(ကြက်လျှာစွန်း ဒံပေါက်) က ပြည်သူ့အကျိုးပြု လုပ်ငန်းများအတွက် ငွေကျပ်နှစ်သိန်း ကိုလည်းကောင်း၊ မြို့နယ်စီးပွားရေး အထောက်အကူပြု စက်မှုနှင့် ကုန်သည် များအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာစောလှဖြူက ငွေကျပ်ငါးသောင်းကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ အရှေ့ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးတင်အောင် က လက်ခံသည်။ ဆက်လက်၍ ငွေကျပ်တစ်သိန်းခွဲတန်ဖိုးရှိ ဝတ်စုံ များကို မြို့နယ်ဥက္ကဋ္ဌ ဦးချစ်ကိုကိုက ပေးအပ်လှူဒါန်းရာမြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်း ရေးမှူး ဦးကျော်ရီက လက်ခံသည်။

ယင်းနောက် ကျန်အလှူရှင်များ၏ လှူဒါန်းငွေများကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီး

အခမ်းအနားအပြီးတွင်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ဗဟို) အတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းသည် တက်ရောက်လာကြ သူများနှင့် သင်တန်းသား၊ သင်တန်းသူ များအား ရင်းရင်းနှီးနှီး တွေ့ဆုံ နှုတ်ဆက်သည်။ (သတင်းစဉ်)

လက်ခံရယူ

လှိုင်မြို့နယ်အထက(၁) ကျောင်းအုပ်ဆရာမကြီး ဒေါ်နွဲ့နွဲ့ဝင်းနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသို့ မဂ္ဂဇင်းစာအုပ်များကို ဩဂုတ်၂၄ရက်က ပေးအပ်လှူဒါန်းရာ မြို့နယ်ဦးစီးမှူး ဦးတင်ကို လက်ခံယူစဉ်။

(၄၃)

❑ **စာမျက်နှာ ၃ ဆောင်းပါးမှ**

ပလောင်ဒေသ၊ ကျိုင်းတုံအရှေ့ဒေသ၊ ရခိုင်ဒေသ၊ နာဂဒေသတို့မှ သင်တန်းသား၊ သင်တန်းသူ ၇၅၁၂ ဦး၊ ၂၀၀၂ ခုနှစ်တွင် ကချင်အထူးဒေသ(၁)၊ ကချင်အထူးဒေသ (၂)၊ ကချင် အရှေ့မြောက်ဒေသ၊ ကျိုင်းတုံအရှေ့ဒေသ၊ တနင်္သာရီဒေသ၊ ရခိုင်ဒေသ၊ ကဘော်ချိုင့်ဝှမ်းဒေသတို့မှ သင်တန်းသား၊ သင်တန်းသူ ၉၇၇၂ဦး၊ ၂၀၀၃ခုနှစ်တွင် မော်ဖဒေသ၊ ကျိုင်းတုံအရှေ့ဒေသ၊ ဟိုမိန်းနှင့် မုံးတော်/ မုံးထဒေသ၊ ကယားဒေသတို့မှ သင်တန်းသား၊ သင်တန်းသူ ၂၉၆၁ဦး၊ ၂၀၀၄ ခုနှစ်တွင် ကိုးကန့်ဒေသ၊ 'ဝ'ဒေသ၊ ပလောင်ဒေသ၊ ကျိုင်းတုံအရှေ့ဒေသနှင့် ရခိုင်ဒေသတို့မှ သင်တန်းသား၊ သင်တန်းသူ ၆၇၈၈ဦး တက်ရောက်ခဲ့ကြ သည်။

သို့ဖြစ်ပေရာ နယ်စပ်ဒေသအသီးသီးတွင် အကြောင်း အမျိုးမျိုးကြောင့် အခြေခံပညာသင်ယူခွင့် ဆုံးရှုံးခဲ့ကြရ သူများ၊ ကျောင်းနေအရွယ်လွန် သက်ကြီးစာမတတ်မြောက် သူများ စုစုပေါင်း ၃၈၆၆၇ ဦး သင်ယူတတ်မြောက်ခဲ့ကြပြီ ဖြစ်၏။

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး

ယနေ့အချိန်အခါ၌ နယ်စပ်ဒေသများ၏ ဖွံ့ဖြိုး တိုးတက်မှုမှာ လွန်စွာမြန်ဆန်လျက်ရှိပေရာ ထိုအခြေခံ ကောင်းများကို ပိုင်ပိုင်နိုင်နိုင်ဆုပ်ကိုင်၍ ဆက်လက်ကြိုးပမ်း စွမ်းဆောင်သွားကြမည့်လူ့စွမ်းအားအရင်းအမြစ်များ နယ်စပ်ဒေသ အသီးသီး၌ တိုးတက်ဖြစ်ထွန်းနေရန် အရေး ကြီးလှပေသည်။

နိုင်ငံတော်အစိုးရသည် နယ်စပ်ဒေသများတွင် လူ့ စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်သန် ၍ နယ်စပ်ဒေသအသီးသီး၌ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်း ၂၅ ကျောင်း၊ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း ၁၈ ကျောင်း၊ ရန်ကုန်နှင့် မန္တလေးမြို့များ၌ ပြည်ထောင်စု တိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်နှစ်ခုတို့ကို ဖွင့်လှစ်သင်ကြား ပြုစုပျိုးထောင်ပေးလျက် ရှိသည်။

၂၀၀၄-၂၀၀၅ ပညာသင်နှစ်၌ တိုင်းရင်းသားလူငယ် များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၂၅ ကျောင်းတွင် မူလတန်း အဆင့်၄၅၁ဦး၊အလယ်တန်းအဆင့်၁၁၂၇ဦး၊အထက်တန်း အဆင့်၆၆၂ဦး စုစုပေါင်းတိုင်းရင်းသား လူငယ်၂၂၄၀ တက်ရောက်သင်ယူလျက်ရှိသည်။လူငယ်သင်တန်းကျောင်း များမှ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအနေဖြင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်များတွင် အဆင့်မြင့်ပညာများ ဆက်လက် သင်ယူခွင့် ရကြမည်ဖြစ်ပေသည်။ အလားတူ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာကျောင်းများ အနေဖြင့် လည်း နယ်စပ်ဒေသနေ တိုင်းရင်းသူကလေးများ၏ ဘဝ ရပ်တည်ရေး၊ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိသည်။

ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည် ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်များမှ ယမန်နှစ်တွင် ၁၄၁ဦး သင်တန်းဆင်းခဲ့ပြီး သက်ဆိုင်ရာဝန်ကြီးဌာနအလိုက်ခွဲဝေ၍ တာဝန်ပေးအပ်ကာ မိမိတို့နယ်စပ်ဒေသများတွင် ဖွံ့ဖြိုး ရေးလုပ်ငန်းတာဝန်များ ထမ်းဆောင်နေကြပြီဖြစ်သည်။ ယခု ၂၀၀၃-၂၀၀၄ ပညာသင်နှစ်အကုန်တွင် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့် အင်ဂျင်နီယာဒီပလိုမာရရှိသူ သင်တန်းဆင်း ကျောင်းသား ၁၁၅ ဦး ထပ်မံမွေးထုတ်နိုင်ခဲ့သည်။

အဆိုပါ သင်တန်းဆင်း ကျောင်းသားများထဲမှ B.Tech သင်တန်းတက်ရောက်ရန် အဆင့်မီသူများ၊ မဟာဝိဇ္ဇာဘွဲ့၊ မဟာသိပ္ပံအရည်အချင်းစစ် သင်တန်း တက်ရောက်ရန် အဆင့်မီသူများအား အဆင့်မြင့်သင်တန်း များ ဆက်လက်သင်ယူခွင့်ရရှိရေး စီစဉ်ဆောင်ရွက်ပေးခဲ့ သည်။ သို့ဖြစ်ပေရာ မကြာမီကာလအတွင်း နယ်စပ်ဒေသမှ တိုင်းရင်းသား လူငယ်များအနေဖြင့် မဟာဘွဲ့များသာမက ပါရဂူဘွဲ့များကိုပါ ရရှိနိုင်တော့မည့် အခွင့်အလမ်းကောင်း များ၊ အလားအလာကောင်းများ စတင်တွေ့မြင်နေရပြီ ဖြစ်သည်။

ပြည်ထောင်စုကြီး ရာသက်ပန်တည်ငြိမ်အေးချမ်းရေး

၂၀၀၄ ခုနှစ် ဇူလိုင်လ ၂ရက်နေ့ ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌ ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်၊ ကောလိပ်ဆရာ၊ ဆရာမ များ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၅)သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အောက်ပါ အတိုင်း မိန့်ကြားခဲ့သည်-

ပြည်ထောင်စု မြန်မာနိုင်ငံတော်အနေဖြင့် ကြုံတွေ့ နေရသည့် စိန်ခေါ်မှုအမျိုးမျိုးကို ရင်ဆိုင်ဖြေရှင်း နိုင်စေမည့် အမျိုးသားရေးအားမာန်၊ အမျိုးသားရေး စွမ်းအားများဖြစ်သည့် နိုင်ငံသူ၊ နိုင်ငံသားများ၏ စည်းလုံးညီညွတ်မှု စွမ်းအား၊ အမျိုးသား စီးပွားရေးဘဝ တောင့်တင်းခိုင်မာမှု စွမ်းအား၊ နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားသည့် လူ့စွမ်းအား အရင်းအမြစ် စွမ်းအားတို့ကို အခိုင်အမာ တည်ဆောက်ပြီး မိမိတို့၏ အမျိုးသားရေး အကျိုးစီးပွားများအတွက် ခိုင်မာသော ရပ်တည်ချက်ဖြင့် ကာကွယ်စောင့်ရှောက် မြှင့်တင်သွား နိုင်မှသာ သူတစ်ပါးဩဇာ၊ အာဏာလောင်းရိပ်အောက် ကျရောက်သွားမည့် အန္တရာယ်က ကင်းလွတ်ပြီး၊ ပြည်ထောင်စုကြီးလည်း တည်ငြိမ်အေးချမ်းစွာ ရပ်တည် နိုင်မည်ဖြစ်ကြောင်း။

သိမ်မွေ့နက်ရှိုင်းစွာ အရှိန်အဟုန်ဖြင့် ချိတ်ဆက် ပြောင်းလဲနေသည့် ယနေ့ကမ္ဘာကြီးတွင် ပညာရည် မြင့်မားသော လူမျိုး၊ အသိအမြင် ကြွယ်ဝပြီး အမျိုး သားရေးစိတ်ဓာတ်ထက်သန်ခိုင်မာသောလူမျိုးသာလျှင် မိမိတို့၏ အမျိုးသားရေးအကျိုးစီးပွားကိုထိထိရောက်ရောက် ကာကွယ်စောင့်ရှောက် မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း။

နယ်စပ်ဒေသအသီးသီး၌အခြေခံပညာကျောင်းပေါင်း များစွာ ဖွင့်လှစ်ပေးနိုင်ခဲ့ပေပြီ။ သက်ကြီးစာမတတ်သူများ အတွက်လည်း အခြေခံပညာသင်ယူခွင့် အခွင့်အလမ်း ပြန်လည်ရရှိစေရန် စီမံဆောင်ရွက်ပေးလျက် ရှိပေသည်။ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ပညာရည်မြင့်မား လာစေရန်သာမက လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုး တိုးတက် လာစေရေး စဉ်ဆက်မပြတ် ပြုစုပျိုးထောင်ပေးလျက် ရှိပေသည်။

နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များအနေဖြင့် အသိအမြင်ကြွယ်ဝပြီးအမျိုးသားရေးစိတ်ထက်သန် ခိုင်မာ စွာဖြင့် နိုင်ငံတော်၏ အမျိုးသားရေး အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်သူများဖြစ်လာအောင် ပြုစုပျိုးထောင် ပေးနေခြင်းလည်းဖြစ်ပေသည်။ တစ်နည်းအားဖြင့်ဆိုရသော် ဤသို့သော လေ့ကျင့်ပြုစုပျိုးထောင်ပေးမှု အစုစုတို့၏ အန္တိမရည်မှန်းချက်သည် ပြည်ထောင်စုကြီး ရာသက်ပန် တည်ငြိမ်အေးချမ်းရေးပင်တည်း။ ။

အာဟာရပြည့်လျှင် ရောဂါစင်၊ ပျော်ရွှင်ကျန်းမာ စိတ်ချမ်းသာ

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်

(၁-၉-၂၀၀၄မှ ၇-၉-၂၀၀၄)

မိသားစုတိုင်း အိုင်အိုဒင်းဆားကို စားသုံးပါ။

အသက်၆-လမှ ၅-နှစ်အောက်ကလေးများအား ဗီတာမင်အေဆေးလုံးတိုက်ပါ။

အရွယ်ရောက်ပြီးသော အမျိုးသမီးများ သံဓာတ်အားဆေးမှီဝဲပါ။

ကလေးသူငယ်များအား အာဟာရပြည့်ဝသည့်အစာများ စုံလင်စွာကျွေးပါ။

ကျန်းမာရေးဝန်ကြီးဌာန | ကမ္ဘာ့ကျန်းမာရေးအဖွဲ့ | ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ | သတ္တုတွင်းဝန်ကြီးဌာန

သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအဖြစ် အညာဒေသတွင် မော်တော်ယာဉ်အစီး၂၀၀၊ ရန်ကုန်မြို့တော်တွင် ဘတ်စ်ကားအစီး ၁၀၀၀နှင့် တီအီးမော်တော်ယာဉ် အစီး ၁၀၀၀ ဦးစားပေးပြောင်းလဲမည်

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင် ဒီဇယ်အင်ဂျင်မှ သဘာဝဓာတ်ငွေ့သုံးအင်ဂျင် ပြောင်းလဲသုံးစွဲရေး ညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ဒီဇယ်အင်ဂျင်မှ သဘာဝဓာတ်ငွေ့သုံးအင်ဂျင် ပြောင်းလဲသုံးစွဲရေး ညှိနှိုင်းအစည်းအဝေးတွင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ဒီဇယ်အင်ဂျင်မှ သဘာဝဓာတ်ငွေ့သုံးအင်ဂျင် ပြောင်းလဲသုံးစွဲရေး ညှိနှိုင်းအစည်းအဝေးတွင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ဒီဇယ်အင်ဂျင်မှ သဘာဝဓာတ်ငွေ့သုံးအင်ဂျင် ပြောင်းလဲသုံးစွဲရေး ညှိနှိုင်းအစည်းအဝေးတွင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

❍ **ကျောဖုံးမှ**

ယနေ့ ညှိနှိုင်းအစည်းအဝေး၌ ဓာတ်ဆီအင်ဂျင်နှင့် ဒီဇယ်အင်ဂျင်တို့ကို သဘာဝဓာတ်ငွေ့သုံး အင်ဂျင်များအဖြစ် တိုးချဲ့ပြောင်းလဲရေးအတွက် အသေးစိတ်ညှိနှိုင်းသွားကြရန်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ဓာတ်ဆီ၊ ဒီဇယ်ဆီစသည့် စက်မောင်းဆီများ ပြည်တွင်း၌ လုံလောက်မှုမရှိသဖြင့် နှစ်စဉ်ပြည်ပမှ ဝယ်ယူတင်သွင်း ဖြည့်ဆည်းနေရသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ ယနေ့ ကမ္ဘာ့ရေနံဈေးကွက်၌ ရေနံဈေးနှုန်းသည် အဆမတန် မြင့်မားလာနေသည်ဖြစ်ရာ မိမိတို့၏စက်မောင်းဆီသုံးစွဲမှုပုံစံ ပြန်လည်စိစစ်ပြောင်းလဲရန် လိုအပ်လာကြောင်း၊ တစ်ချိန်တည်းမှာပင် မိမိတို့နိုင်ငံ၏ ကုန်းတွင်းပိုင်း၌လည်း သဘာဝဓာတ်ငွေ့များကို ပိုမိုတိုးချဲ့ ထုတ်လုပ်လာနိုင်သည့် အခြေအနေကောင်းများ ဖြစ်ပေါ်လာကြောင်း။

စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ၁၉၈၆ခုနှစ်မှစ၍ သဘာဝဓာတ်ငွေ့ (CNG) သုံး မော်တော်ယာဉ်များကို စမ်းသပ်တီထွင်သုံးစွဲခဲ့ရာ ယခုအခါအင်းစိန်၊ မှော်ဘီ၊ ရေနံချောင်း၊ မင်းဘူးဒေသတို့၌ မော်တော်ယာဉ်၅၈၇စီး ရှိနေပြီဖြစ်ရာ အသစ်အဆန်းမဟုတ်တော့ဘဲ အောင်မြင်နေသည့် ပြောင်းလဲသုံးစွဲမှု တစ်ရပ်ဖြစ်ကြောင်း။

အကျိုးကျေးဇူး

ထို့ပြင် သဘာဝဓာတ်ငွေ့ (CNG)အစားထိုးသုံးစွဲခြင်းကြောင့် ပြည်တွင်းမှထွက်ရှိသော သဘာဝဓာတ်ငွေ့များကို အကျိုးရှိထိရောက်စွာအသုံးချနိုင်ခြင်း၊ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိခြင်း၊ ဓာတ်ဆီ၊ ဒီဇယ်ဆီချွေတာနိုင်ခြင်း၊ သဘာဝဓာတ်ငွေ့ဈေးနှုန်းသက်သာသဖြင့် သယ်ယူပို့ဆောင်စရိတ် သက်သာခြင်းစသည့် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ကြောင်း။

ပူးပေါင်းလုပ်ကိုင်

ထို့ကြောင့် စွမ်းအင်ဝန်ကြီးဌာန၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ ကျယ်ကျယ်ပြန့်ပြန့်ပူးပေါင်း၍ ခရီးသည်တင်ဘတ်စ်ကားများ၊ ကုန်တင်ကားများကို သဘာဝဓာတ်ငွေ့သုံး မော်တော်ကားများအဖြစ် တိုးချဲ့ပြောင်းလဲသွားကြရန်ဖြစ်ကြောင်း၊ ပုဂ္ဂလိကစက်မှုလုပ်ငန်းရှင်များကလည်း မိမိတို့စက်မှုဇုန်အလိုက် ဓာတ်ဆီအင်ဂျင်၊ ဒီဇယ်အင်ဂျင်တို့ကို သဘာဝဓာတ်ငွေ့သုံးအင်ဂျင်အဖြစ် ပြောင်းလဲသုံးစွဲနိုင်သည့် နည်းပညာများကို လေ့လာဆည်းပူးပြီး ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း။

ယနေ့ကမ္ဘာ့ခေတ်မီနိုင်ငံများ၌ပင်သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များကို တိုးချဲ့အသုံးပြုနေသည်ကို မြင်တွေ့နေရပြီဖြစ်၍ မိမိတို့နိုင်ငံ၏ အခြေအနေအရ ဓာတ်ဆီ၊ ဒီဇယ်ဆီသုံး မော်တော်ယာဉ်များကို (CNG)သုံးမော်တော်ယာဉ်များအဖြစ် တိုးချဲ့ပြောင်းလဲတပ်ဆင် အသုံးပြုသွားကြရန် သင့်မြတ်နေပြီဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ကျယ်ကျယ်ပြန့်ပြန့်

ယင်းနောက် အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်က သဘာဝဓာတ်ငွေ့သုံး အင်ဂျင်များအဖြစ် ကျယ်ကျယ်ပြန့်ပြန့် ပြောင်းလဲရေးနှင့် စပ်လျဉ်း၍ဆောင်ရွက်မည့် အစီအစဉ်များနှင့် မော်တော်ယာဉ်များ၌ သဘာဝဓာတ်ငွေ့သုံးအင်ဂျင်အဖြစ်ပြောင်းလဲနိုင်ရေးအတွက်ပြည်တွင်းမှ ဝယ်ယူရရှိမည့် ပစ္စည်းအမျိုးအစား၊ ပြည်ပမှဝယ်ယူတင်သွင်းရမည့် ပစ္စည်းအမျိုးအစားများကိုလည်းကောင်း၊ လစဉ်ပြောင်းလဲ တပ်ဆင်နိုင်မည့် မော်တော်ယာဉ်စီးရေကိုလည်းကောင်း၊ ဝန်ကြီးဌာနအချင်းချင်း ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း ဆွေးနွေးတင်ပြသည်။

ပိုမိုပြေးဆွဲနိုင်

ဆက်လက်၍ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ရန်ကုန်မြို့တွင်း၌ ပြေးဆွဲနေသည့် မော်တော်ယာဉ်လိုင်းများရှိ မော်တော်ယာဉ်များကို ဓာတ်ဆီ၊ ဒီဇယ်ဆီဖြန့်ဖြူးရောင်းချနေသည့် ပမာဏ၊ ယင်းယာဉ်များ၌ သဘာဝဓာတ်ငွေ့သုံးအင်ဂျင်များအဖြစ် ပြောင်းလဲတပ်ဆင်နိုင်ပါက ခေါက်ရေအပေါ် သဘာဝဓာတ်ငွေ့ ကန့်သတ်ရောင်းချခြင်းမျိုးမရှိသဖြင့် ခေါက်ရေပိုမိုပြေးဆွဲနိုင်မည့်အပြင် သယ်ယူပို့ဆောင်ခနှုန်းကျဆင်းလာနိုင်သည့် အခြေအနေ၊ အထက်အညာဒေသနှင့် အလယ်ရိုးမအနောက်ခြမ်း ရန်ကုန်-မန္တလေးလမ်းမကြီးတစ်လျှောက် သဘာဝဓာတ်ငွေ့ဆိုင်များ တိုးချဲ့ဖွင့်လှစ်သွားမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက မိမိဝန်ကြီးဌာနအနေဖြင့် နည်းပညာ ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်သွားမည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ခရီးစရိတ်ကျဆင်းနိုင်

ဆက်လက်၍ အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းက ရန်ကုန်မြို့တွင်းရှိ ဒီဇယ်အင်ဂျင်သုံးမော်တော်ယာဉ်များ၌ သဘာဝဓာတ်ငွေ့သုံးအင်ဂျင်ယာဉ်များအဖြစ် ပြောင်းလဲတပ်ဆင်ခြင်းဖြင့် အကျိုးရှိလာမည့် အခြေအနေများ၊ အမှတ်(၁)စက်မှုဝန်ကြီးဌာနက ပံ့ပိုးဆောင်ရွက်သွားနိုင်သည်များ၊ ကုန်ဈေးနှုန်းနှင့် ခရီးစရိတ်များကျဆင်းလာနိုင်သည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက မိမိဝန်ကြီးဌာနအောက်ရှိ ကုန်းလမ်းပို့ဆောင်ရေး၌ လက်ရှိအသုံးပြုနေသည့် မော်တော်ယာဉ်များတွင် သဘာဝဓာတ်ငွေ့သုံးအင်ဂျင်များအဖြစ် ပြောင်းလဲသုံးစွဲရန် ပြင်ဆင်ထားမှုများကို ရှင်းလင်းတင်ပြသည်။

အကျိုးအပြစ်များ

ဆက်လက်၍ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်က ဓာတ်ဆီ၊ ဒီဇယ်ဆီနှင့်သဘာဝဓာတ်ငွေ့တို့ကို မော်တော်ယာဉ်အင်ဂျင်များ၌ သုံးစွဲသည့်အခါ ဖြစ်ပေါ်လာနိုင်သည့် အင်ဂျင်ပိုင်းဆိုင်ရာ အကျိုးအပြစ်များကို နှိုင်းယှဉ်တင်ပြရှင်းလင်းပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာချမ်းငြိမ်းက သဘာဝဓာတ်ငွေ့သုံးမော်တော်ယာဉ်များကို ခေတ်မီဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံများ၌ တိုးချဲ့အသုံးပြုနေပုံတို့ကို ရှင်းလင်းတင်ပြသည်။

ဖြည့်စွက်တင်ပြ

ထို့နောက် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသူများက သဘာဝဓာတ်ငွေ့သုံး အင်ဂျင်များအဖြစ် ပြောင်းလဲတပ်ဆင်အသုံးပြုရေးအတွက် ဝိုင်းဝန်းပူးပေါင်းလုပ်ကိုင်သွားမည့် အခြေအနေများကို ဖြည့်စွက်တင်ပြကြသည်။

ယင်းနောက်နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက နိဂုံးချုပ်အမှာစကားပြောကြားပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ဦးစားပေးပြောင်းလဲမည်

အမှတ်(၂)စက်မှုဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနတို့ ပူးပေါင်းပြီး လုပ်ငန်းဆက်စပ်လျက်ရှိသော ဝန်ကြီးဌာနများ၏ ပံ့ပိုးကူညီမှုဖြင့် စက်မောင်းဆီသုံး မော်တော်ယာဉ်များကို သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအဖြစ် တစ်ဆင့်ပြီးတစ်ဆင့် တိုးချဲ့ပြောင်းလဲတပ်ဆင်အသုံးပြုသွားရာ၌ ရှေးဦးစွာ အညာဒေသရှိ ပလိပ်၊ မြင်းခြံကိုအခြေပြုသည့် မော်တော်ယာဉ်အစီး၂၀၀၊ ရန်ကုန်မြို့တော်ရှိ မော်တော်ယာဉ်များအနက် ဘတ်စ်ကား အစီး၁၀၀၀နှင့် တီအီးမော်တော်ယာဉ်အစီး ၁၀၀၀ တို့ကို ပထမအဆင့်အနေဖြင့် ဦးစားပေးပြောင်းလဲသုံးစွဲသွားရန်စီမံနေကြောင်း သိရသည်။

(သတင်းစဉ်)

မစ္စအာဆီယံ ပြိုင်ပွဲနှင့် စပ်လျဉ်း၍ စာနယ်ဇင်း တွေ့ဆုံရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၄

Miss ASEAN Culture Myanmar ပြိုင်ပွဲနှင့် စပ်လျဉ်း၍ ဒုတိယအကြိမ် စာနယ်ဇင်း တွေ့ဆုံရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၂နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ လပြည့်ဝန်းပလာဇာ၌ ကျင်းပရာ Miss ASEAN Culture Myanmar ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦး၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနှင့် ကျင်းပရေးကော်မတီတို့မှ တာဝန်ရှိသူများ၊ စာနယ်ဇင်းများမှ ပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးဝင်းမြင့်က အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် Miss ASEAN Culture Myanmar ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ တွဲဖက်အတွင်းရေးမှူး ဒေါ်တင်မိုးလွင်က ပြိုင်ပွဲကျင်းပရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြိုင်ပွဲကျင်းပရေးကော်မတီ အတွင်းရေးမှူး ဦးမိုးကျော်က ပြိုင်ပွဲဝင် လျှောက်လွှာများအတွက် ပြင်ဆင်ပြီးစီးမှုနှင့် ပြင်ဆင်ဆဲကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ပြန်လည်ဖြေကြား

ယင်းနောက် တက်ရောက်လာကြသော စာနယ်ဇင်းများမှ ပုဂ္ဂိုလ်များ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြပြီး Miss ASEAN Culture Myanmar ပြိုင်ပွဲကျင်းပရေး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ကော်မတီဝင် မြန်မာနိုင်ငံ အားကစားကလောင်ရှင်များ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက ကျေးဇူးတင်စကားပြောကြားကာ တွေ့ဆုံရှင်းလင်းပွဲကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

လှူဒါန်း

သဲကုန်းမြို့နယ်၊ အင်းမမြို့ ရွှေစင်ရွှေဆိုင်မှ ဒေါ်အုန်းမိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် သုံးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့နာယကဦးချစ်လှိုင် ဩဂုတ်၄ရက်က လက်ခံယူစဉ်။ (က-ပ)

ရန်ကုန်အနောက်ပိုင်းခရိုင် ခရိုင်အဆင့် ဒွါဒသမအကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်

ရန်ကုန် ဩဂုတ် ၂၄

ရန်ကုန်အနောက်ပိုင်းခရိုင် ခရိုင်အဆင့် ဒွါဒသမအကြိမ်(၁၂ကြိမ်)မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း စံပယ်ဆောင်၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌွေးတို့ တက်ရောက်အားပေး ချီးမြှင့်သည်။

အခမ်းအနားသို့ စစ်ဒေသမှူးများ၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံးနှင့် မြန်မာနိုင်ငံဂီတ အစည်းအရုံးတို့မှ အနုပညာရှင်ကြီးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း ဒွါဒသမအကြိမ် (၁၂ကြိမ်)မြောက် အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ အဖွဲ့ဝင်များ၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်နှင့် အဖွဲ့ဝင်များ၊ ခရိုင်အတွင်းရှိ မြို့နယ်များမှ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ အကဲဖြတ်အမှတ်ပေး ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အနုပညာရှင်များ၊ အနုပညာဝါသနာရှင်များ တက်ရောက်ကြသည်။

ဖွင့်လှစ်

ရှေးဦးစွာ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်တင့်က ရန်ကုန်အနောက်ပိုင်းခရိုင် ခရိုင်အဆင့် ဒွါဒသမအကြိမ် (၁၂ကြိမ်) မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်က ပြိုင်ပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ အဖွင့်အမှာစကားပြောကြားသည်။

ဖျော်ဖြေ

ယင်းနောက် ဖျော်ဖြေရေး အစီအစဉ်များကို ကျင်းပရာ စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၊ ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်း၊ ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၊ လသာမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၊ ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းတို့မှ ရွှေတံဆိပ်ဆုရှင်များ၊ အနုပညာများက အတီး၊ အမှုတ်၊ အဆို၊ အကတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌွေးတို့က သီဆိုတီးမှုတ်ကပြ ဖျော်ဖြေတင်ဆက်ကြသည့် ကျောင်းသား၊ ကျောင်းသူလေးများအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရန်ကုန်အနောက်ပိုင်းခရိုင် ခရိုင်အဆင့် ဒွါဒသမအကြိမ် (၁၂ ကြိမ်) မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဩဂုတ် ၂၄ရက်နှင့် ၂၅ရက်တို့တွင် အလုံမြို့နယ်အတွင်း၌ ဘာသာရပ်အလိုက် ခြောက်နေရာခွဲ၍ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲတွင် ပညာရှင်အဆင့် ၃၂ဦး၊ ဝါသနာရှင်အဆင့် ၁၃၁ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။ (သတင်းစဉ်)

ရန်ကုန်အနောက်ပိုင်းခရိုင် ခရိုင်အဆင့် ဒွါဒသမ (၁၂ကြိမ်)မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲဖွင့်ပွဲတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီးတို့က သီဆိုတီးမှုတ် ကပြဖျော်ဖြေတင်ဆက်ကြသည့် ကျောင်းသား၊ ကျောင်းသူကလေးများအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင် ဩဂုတ် ၂၂ရက်က ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်း ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းဖော်ပြပြီး) (သတင်းစဉ်)

အင်အားအသင့်အတင့် မြေငလျင်တစ်ခုလှုပ်

ရန်ကုန် ဩဂုတ် ၂၄

ယနေ့ မြန်မာစံတော်ချိန် ညနေ ၄ နာရီ ၃၅ မိနစ် ၄၄ စက္ကန့်တွင် ကမ္ဘာ့အေးမြေငလျင်စခန်း၏ အနောက်မြောက်ယွန်းယွန်း မိုင် ၁၁၀၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပနေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ဒသမ ၇ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စစ်တောင်းမြစ်ရေ ဆက်လက်ကျဆင်းနေ

ရန်ကုန် ဩဂုတ် ၂၄

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ၅၄စင်တီမီတာ(၂ပေခန့်) စိုးရိမ်ရေမှတ်အထက်တွင် ရှိနေသည်။ အဆိုပါမြစ်ရေသည် ဆက်လက်ကျဆင်းနေပြီး ယနေ့ မွန်းတည့်မှနောက် သုံးရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ကျဆင်းနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၄-၈-၂၀၀၄

ပူတာအို

၂ ဒသမ ၃၆ လက်မ

အမ်း

၁ ဒသမ ၉၃ လက်မ

ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင် ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းစစ်ဆေး သီးထပ်စိုက်ပျိုးရေးနှင့် ရေလွှမ်းမိုးမှုကာကွယ်ရေး အထောက်အကူပြုမည်

ရန်ကုန် ဩဂုတ် ၂၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်သည် ယမန်နေ့ နံနက်ပိုင်းတွင် ပဲခူးတိုင်း ရေတာရှည်မြို့နယ်ရှိ မြန်မာ့ကြံလုပ်ငန်း အမှတ်(၆) သကြားစက်(ရေတာရှည်)သို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ စက်ရုံမှူးက ကြံကြိတ်ဝါးရာသီမရောက်မီ စက်ပိုင်းဆိုင်ရာ ပြုပြင်မွမ်းမံပြင်ဆင်မှု၊ ကြံဝယ်ယူရေး၊ သယ်ယူရေး၊ လာမည့်ကြံစိုက်ပျိုးရာသီ၌ သတ်မှတ်ဧကပြည့်မီအောင် စိုက်ပျိုးရေး စီမံထားမှုများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ကုန်ထုတ်စွမ်းအား ပြည့်မီကျော်လွန်ရေး၊ လေလွင့်မှုမရှိရေး၊ ကြံစိုက်ပျိုးမှုနှင့် သကြားထုတ်လုပ်မှု ဟန်ချက်ညီညီ ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် သကာရည်မှ သကြားထုတ်လုပ်နိုင်သည့် သကြားစက်ရုံငယ်ကို စစ်ဆေးရာ မြန်မာ့ကြံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်က သကြားထုတ်လုပ်မှု အဆင့်ဆင့်ကို ရှင်းလင်းပြသသည်။

ယင်းနောက် ဝန်ကြီးသည် သိုလှောင်ရုံများ၌ သကြားအိတ်များ စနစ်တကျထားသိုမှုနှင့် အမှတ်(၆) သကြားစက်ရုံ၏ ပြုပြင်မွမ်းမံနေသည့် စက်ပိုင်းဆိုင်ရာ ပြင်ဆင်မှု၊ စမ်းသပ်လည်ပတ်မှုတို့ကို စစ်ဆေးပြီး စက်ရုံမှူးနှင့် ဝန်ထမ်းများအား စံချိန်မီ အရည်အသွေးကောင်း သကြားထုတ်လုပ်ရေး မှာကြားသည်။

မင်းရဲရေလှောင်တမံ

ထိုမှတစ်ဆင့် ဝန်ကြီးသည် အုတ်တွင်းမြို့နယ်ရှိ မင်းရဲရေလှောင်တမံ မိုးရာသီကာလ ရေဝင်မှု၊ ထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ထိန်းသိမ်းရေးတာဝန်ခံများအား ရေလှောင်တမံအတွင်း နုန်းသဲမရှိရေး မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် အုတ်တွင်းမြို့နယ် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း မင်းရဲသီဟိုဠ် သရက်စိုက်ကွင်းသို့ ရောက်ရှိပြီး အသီးထွက်ရရှိနေသည့် သီဟိုဠ်သရက်ပင်စိုက်ကွင်းဧက ၁၈၀၀ ခန့်အား ထိန်းသိမ်းပြုစုရေးကိစ္စရပ်များကို တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။

ဖြူးရေလှောင်တမံ

ထို့နောက် ဝန်ကြီးသည် စစ်တောင်းမြစ်ဝှမ်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၌ ပါဝင်သည့် ဖြူးမြို့နယ်အတွင်း ဖြူးချောင်း၊ သဘော်မြောင်ရိုးအနီး၌ တည်ဆောက်နေသည့် ဖြူးရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရောက်ရှိကြသည်။

ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄) ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်က ရေလွှဲဥမင်အဝင်နှင့် ရေလွှဲဥမင်အထွက်ပိုင်း တည်ဆောက်မှုတို့ကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း တူးဖော်နေသည့်လုပ်ငန်း၊ ပင်မတမံအောက်ခြေ ရှင်းလင်းမှုလုပ်ငန်းတို့ကို ပုံစံများဖြင့် ရှင်းလင်းပြသသည်။

ဝန်ကြီးက အင်ဂျင်နီယာများအား မိုးရာသီကာလအတွင်း ဆောင်ရွက်နိုင်သော လုပ်ငန်းများနှင့် ရေလှောင်တမံ တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ရမည့် အဆင့်များ ချမှတ်ပေးသည်။

ထို့နောက် ဝန်ကြီးသည် ရှုရပ်မှ ပင်မတမံ တည်ဆောက်မည့် နေရာ၌ စက်အင်အားများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် တောင်ငူခရိုင် ဖြူးမြို့ ရွှေဝါကျေးရွာ၌ မိုးစပါးစိုက်ခင်း စပါးမျိုး ယှဉ်ပြိုင်စမ်းသပ်ကွက်များ၊ စိုက်ပျိုးမှုနည်းပညာပေး စပါးကောက်ကွက်၊ ပင်ပွားစိုက်စနစ်၊ ဇီဝမြေဩဇာ၊ ရေကျော်ခက်မျိုးပွားကန်တို့ကို ကြည့်ရှုစစ်ဆေးပြီး တောင်သူလယ်သမားများနှင့် စပါးစိုက်ပျိုးထုတ်လုပ်မှု ပန်းတိုင်အထွက်နှုန်းရရှိရေး ဆွေးနွေးသည်။

ရဲနွယ်စီမံကိန်း

ဝန်ကြီးနှင့်အဖွဲ့သည် ညနေပိုင်းတွင် ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာအနီး ရဲနွယ်ချောင်းကို ပိတ်၍ တည်ဆောက်နေသည့် ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရောက်ရှိကြသည်။

ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၁) ညွှန်ကြားရေးမှူး ဦးခင်မောင်ယုက ချောင်းပိတ်တမံမြေဖို့ တည်ဆောက်ပြီးစီးသည့် လုပ်ငန်းပိုင်း၊ ဆက်လက်ဆောင်ရွက်နေသည့်လုပ်ငန်း၊ ရေလွှဲဥမင် တည်ဆောက်ပြီးစီး၍ ပင်မရဲနွယ်ချောင်းကို ရေလွှဲပေးနိုင်မှုလုပ်ငန်း ရေပိုလွှဲ တည်ဆောက်မှု၌ မြေကြီးလုပ်ငန်း ကွန်ကရစ်လုပ်ငန်းဆောင်ရွက်ဆဲတို့ကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက ရေလှောင်တမံ လုပ်ငန်းများတည်ဆောက်ရင်း ရေလွှဲဆည်နှင့် ရေပေးတူးမြောင်းများ တည်ဆောက်မှု၊ ပူးတွဲလုပ်ကိုင်ရေးကိစ္စများ မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ရှုရပ်မှ ပင်မတမံမြေဖို့ပြီးစီးသည့် အပိုင်းနှင့် ဆက်စပ်တည်ဆောက်မှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

တည်ဆောက်နေဆဲ ရဲနွယ်ရေလှောင်တမံအပါအဝင် တည်ဆောက်ပြီးဘိုင်းဒါးရေလှောင်တမံ၊ ကောလိယ ရေလှောင်တမံတို့သည် ပြွန်တန်ဆာလွင်ပြင်၌ သီးထပ်သီးနှံစိုက်ပျိုးရေး၊ ရေလွှမ်းမှုကာကွယ်ရေးတို့ကို များစွာ အထောက်အကူပြုမည့် ဘက်စုံရေလှောင်တမံ စီမံကိန်းကြီးများဖြစ်သည်။ (သတင်းစဉ်)

အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ရည်ရွယ်ချက်ရှင်းလင်း မိမိဆန္ဒအလျောက် အဖွဲ့ဝင်အဖြစ်ပါဝင်နိုင်ရေးဆွေးနွေး

ရန်ကုန် ဩဂုတ် ၂၄

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က သတ္တုတွင်းဝန်ကြီးဌာနရှိ ဝန်ထမ်းများအား အမျိုးသမီးရေးရာအဖွဲ့ချုပ် အကြောင်းသိကောင်းစရာများ ဟောပြောပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် သတ္တုတွင်းဝန်ကြီးဌာန သီရိရတနာ ခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်တက်ရောက်၍ ရှင်းလင်း ပြောကြားသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူးများအဖွဲ့ဝင် ဒေါ်ထူးရော်၊ ပါမောက္ခ ဒေါက်တာဒေါ်ခင်မာထွန်းနှင့် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၏ ဇနီး ဒေါ်စန်းစန်း၊ ဒုတိယဝန်ကြီး ဦးမြင့်သိန်း၏ ဇနီး ဒေါ်ခင်မေစန်း၊ ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြနှင့် ဝန်ကြီးဌာနအောက်ရှိ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၏ ဇနီးများ၊ အမျိုးသမီးအရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ရှေ့ဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ နောက်ခံသမိုင်း၊ ဖွဲ့စည်းပုံ၊ ရည်ရွယ်ချက်နှင့် လုပ်ငန်းစီမံချက်(၁၆)ချက်တို့ကို ရှင်းလင်းဟောပြောပြီး အဖွဲ့ဝင်အဖြစ် မိမိသဘောဆန္ဒအလျောက် ပါဝင်နိုင်ကြောင်း၊ "အမျိုးသမီးဘဝ ဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့" ဆောင်ပုဒ်နှင့်အညီ ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် အကျယ်တဝင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၏ ဇနီး ဒေါ်စန်းစန်းက ကျေးဇူးတင်စကားပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ သတ္တုတွင်းဝန်ကြီးဌာနက လှူဒါန်းသည့် ငွေကျပ်နှစ်သိန်းကို ပေးအပ်ရာ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်ကလက်ခံပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ရွှေနိုင်ငံဂျာနယ် အတွဲ(၃)၊ အမှတ်(၉)ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၄

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ် ပညာရေးရာဌာနက ထုတ်ဝေသည့် ရွှေနိုင်ငံဂျာနယ် အတွဲ(၃)၊ အမှတ်(၉)ကို ဖြန့်ချိလိုက်သည်။ **(ယာပုံ)**

အဆိုပါဂျာနယ်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဗီယက်နမ်၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ ချစ်ကြည်ရေးခရီးသွားရောက်သည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပို့ဆောင်နှုတ်ဆက်သည့်သတင်း၊ တက္ကသိုလ်မြတ်သူ၊ ဦးတင်ရှိန်၊ တက္ကသိုလ်သခင်၊မောင်မောင်အုန်း(လယ်ဝေး)၊သိပ္ပံစိုးမြင့်နိုင်၊ကြည်လင်း(ဆေး)၊ဓာတ်ပုံမောင်မောင်အေး၊ ဆင်ဖြူကျွန်းမြင့်သိန်း၊ အောင်စိုး(တိရစ္ဆာန်ဆေးကုဆရာဝန်)၊ မောင်ပညာကျော်၊ စန်းနီလာဝင်း၊ မောင်မိဒီယာ၊ ဖြူမြာသန့်တို့၏ မှတ်ဖွယ်မှတ်ရာဆောင်းပါးများ၊ ရွှေညာမောင်ကြီး၏ တွဲလက်မြဲခိုင်တို့ ကြံ့ခိုင်ကဗျာ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများ၏ နယ်မြေဒေသဖွံ့ဖြိုးရေး အကောင်အထည်ဖော်မှု သတင်းများ၊ နိုင်ငံတကာ ဖြစ်ရပ်သတင်းများ စုံလင်စွာဖော်ပြပါရှိသည်။

(က-ပ)

ဘော်လီဘောအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား မိုးရာသီအလွတ်တန်းပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဩဂုတ် ၂၄

၂၀၀၄ ခုနှစ် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား မိုးရာသီအလွတ်တန်း (အမျိုးသား၊အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲကို ယနေ့နံနက် ၉နာရီမှ စ၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မိုးလုံလေလုံအားကစားရုံ၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတွင် အမျိုးသမီး နှစ်ပွဲ၊ အမျိုးသားသုံးပွဲ စုစုပေါင်းငါးပွဲ ကျင်းပရာ အမျိုးသမီးပြိုင်ပွဲတွင် ပို့ဆောင်ရေး(က)အသင်းက ကာကွယ်ရေးအသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ စက်မှု(၁)အသင်းက ပို့ဆောင်ရေး(ခ)အသင်းကို သုံးပွဲ-နှစ်ပွဲဖြင့်လည်းကောင်း၊ အမျိုးသားပြိုင်ပွဲတွင် ကာကွယ်ရေး(လူငယ်)အသင်းက ရန်ကုန်တိုင်းအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ကက(ရေ) အသင်းက ကာကွယ်ရေး(မျိုးဆက်သစ်)အသင်းကို သုံးပွဲ-နှစ်ပွဲဖြင့်လည်းကောင်း၊ မြို့တော်စည်ပင်အသင်းက ပြည်ထဲရေးအသင်းကို သုံးပွဲ-တစ်ပွဲဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိသွားကြသည်။

ပြိုင်ပွဲကို ဩဂုတ် ၂၅ရက်(ယနေ့) နံနက် ၉နာရီမှစ၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မိုးလုံလေလုံအားကစားရုံ၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။ (ကြေးမုံ)

မိုးရာသီအလွတ်တန်းဘော်လီဘောပြိုင်ပွဲ အမျိုးသားပွဲတွင် မြို့တော်စည်ပင်အသင်းမှ ရဲမင်းအောင်၏ ရိုက်ခုတ်မှုကို ပြည်ထဲရေးအသင်း ပိတ်ဆို့ဟန့်တားစဉ်။ (ကြေးမုံ)

နိုင်ငံတကာကဗျာဖတ်ပွဲမှ ပြန်လည်ရောက်ရှိ

ရန်ကုန် ဩဂုတ် ၂၄

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင်၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်၏ စာတည်းမှူးချုပ် ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)သည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ဩဂုတ် ၁၆ရက်မှ ၂၂ရက်အထိကျင်းပသော နိုင်ငံတကာကဗျာဖတ်ပွဲသို့တက်ရောက်ခဲ့ပြီး ဩဂုတ်၂၃ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည်။အဆိုပါကဗျာဖတ်ပွဲတွင် ကမ္ဘာ့နိုင်ငံပေါင်း ၃၆ နိုင်ငံမှ ကဗျာဆရာ၅၄ဦးတို့က ၎င်းတို့၏ကဗျာများကို မူရင်းဘာသာ၊ အင်္ဂလိပ်ဘာသာတို့ဖြင့် မလေးရှားနိုင်ငံ ဝန်ကြီးဌာနရုံးများ၊ တက္ကသိုလ်နှင့် စာပေအနုပညာပြန့်ပွားရေးဌာနများ၊ အစိုးရရုံးဌာနများတွင် အလှည့်ကျရွတ်ဆို တင်ပြခဲ့ကြကြောင်းနှင့် ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)နှင့်အတူ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာန အကြံပေးအရာရှိဦးမျိုးသန့်(မောင်ဆုရှင်)လည်း ပြန်လည်လိုက်ပါလာသည်။ (သတင်းစဉ်)



မွန်ပြည်နယ် မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် အမှုဆောင်သစ်ရွေးချယ်ဖွဲ့စည်း တာဝန်ပေးအပ်

ရန်ကုန် ဩဂုတ် ၂၄

မွန်ပြည်နယ် မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၏ ၂၀၀၄-၂၀၀၇ခုနှစ် သက်တမ်းအတွက် အမှုဆောင်သစ် ရွေးချယ်ဖွဲ့စည်း တာဝန်ပေးအပ်ပွဲကို ဩဂုတ် ၁၄ရက်တွင် မွန်ပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ **(အပေါ်ပုံ)** မွန်ပြည်နယ် မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာမင်းစိန်သောင်းနှင့် မွန်ပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးဌာနမှူး ဒေါက်တာခင်မောင်မောင်တို့က အမှာစကားပြောကြားကြပြီး မွန်ပြည်နယ် မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် အတွင်းရေးမှူး ဦးမောင်အေးက ၂၀၀၁-၂၀၀၄ ခုနှစ်၏ နှစ်ပတ်လည် လုပ်ငန်းအစီရင်ခံစာကို ဖတ်ကြားတင်ပြသည်။ ယင်းနောက် ၂၀၀၄-၂၀၀၇ခုနှစ်အတွက် ဥက္ကဋ္ဌ ဒေါက်တာမင်းစိန်သောင်း၊ အတွင်းရေးမှူးဦးမောင်အေးတို့ ပါဝင်သော အမှုဆောင် ၁၅ဦးတို့အား ရွေးချယ်တာဝန်ပေးအပ်သည်။ (သတင်းစဉ်)

အသက်(၁၄)နှစ်နှင့်အောက် နိုင်ငံတကာလူငယ် တင်းနစ်ပြိုင်ပွဲများအတွက် လူရွေးပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၄

အသက်(၁၄)နှစ်နှင့်အောက် နိုင်ငံတကာ လူငယ်တင်းနစ်ပြိုင်ပွဲကို စက်တင်ဘာ၂၁ရက်မှ ၂၅ရက်အထိ ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့၌ လည်းကောင်း၊ အောက်တိုဘာ ၅ရက်မှ ၁၀ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ လည်းကောင်း အသီးသီးကျင်းပမည်ဖြစ်ရာ ယင်းပြိုင်ပွဲသို့သွားရောက် ယှဉ်ပြိုင်နိုင်ရန်အတွက် လူရွေးချယ်ပွဲများကို မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ရှိရာ သိမ်ဖြူတင်းနစ်ကွင်း၌ စက်တင်ဘာ ၁ရက်တွင် ကျင်းပမည်ဖြစ်သည်။

ဝင်ရောက် ယှဉ်ပြိုင်လိုသော အသက်(၁၄)နှစ်အောက် တင်းနစ်အားကစားမောင်မယ်များသည် သိမ်ဖြူတင်းနစ်ကွင်းရှိ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ရုံး ဖုန်း-၃၇၂၃၆၀နှင့် ၃၈၁၉၉၁တို့ထံ ဩဂုတ် ၃၁ရက် ညနေ ၄နာရီနောက်ဆုံးထား စာရင်းပေးသွင်းနိုင်သည်။ (သတင်းစဉ်)

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း (၈၀)ဖြစ်သည်။

ဩဂုတ် ၂၂ရက်က အမက(၁) သာကေတ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားတွင် သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ထူးချွန်ပထမဆုရ မသက်နွယ်ဝင်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ဖြူဖြူသောင်း ဆုချီးမြှင့်စဉ်။

(က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၅-၈-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀ ၆။ မျိုးချစ်တပ်မတော်
၄:၄၀ ၇။ ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
၄:၅၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၀၀ ၉။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** – Introduction to Micro Finance (အိမ်တွင်းစီးပွား)
၅:၃၀ ၁၀။ မြတ်နိုးကြစေ အမျိုးသားအမွေ
၅:၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၆။ မြန်မာ့ရှုခင်း
၆:၄၀ ၁၇။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မျက်ရည်မိုး" (အပိုင်း-၁၉)**
၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ လျှပ်တစ်ပြက်ရိုက်ချက်
၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၃။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ပြည်သူ့တရားရှင်၊ "အဆိပ်မယ်နှင့်ငါးဒေဝီ"(အပိုင်း-၅)**
၂၅။ သင့်အတွက်မနက်ဖြန်
၂၆။ အပိတ်နှုတ်ဆက်စကား
၂၇။ ပြီးပါပြီ။

ပြန်ကြားရေးဝန်ကြီးဌာနတွင် အသုံးပြုရန်လိုအပ်သော ပစ္စည်းများဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းနှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်းတို့တွင် အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများကို ဝယ်ယူလိုပါသည်–

(က) မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

(1) Spares for 9 Base Station TV TX	(1) Set
(2) Spares for Computer & Networking	(1) Set
(3) အသံလွှင့်လုပ်ငန်းသုံး Tape များ	(8) Items
(4) ရုပ်မြင်သံကြားလုပ်ငန်းသုံး Tape များ	(3) Items
(5) ရုပ်မြင်သံကြားလုပ်ငန်းသုံးစက်ပစ္စည်းများ	(3) Items
(6) 10 W TV TX Complete Set	(4) Sets
(7) အသံလွှင့်လုပ်ငန်းသုံးစက်ပစ္စည်းများ	(12) Items
(8) Radio Studio Digitalization Equipment for Studio(E)	(1) Set
(9) Plain Paper Copier A-3	(2) Nos
(10) Copy Printer (2 Paper Tray)	(1) No
(11) Digital Photo Copier (18.Copier A-3 Size)	(1) No

(ခ) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(1) Camera (28 to 90 mm Wide Zoom Lens With Case)	(20) Nos
(2) Flash Gun	(20) Nos
(3) TV Receiver (29") (Multi Colour)	(10) Nos
(4) TV Receiver (21") (Multi Colour)	(10) Nos
(5) Radio Cassette Recorder (130-Watts)	(10) Nos
(6) Video Cassette Player(23 Watts) (240.V)	(10) Nos
(7) Video Compact Disc Player	(65) Nos
(8) Generating Set (2KVA)	(24) Nos
(9) Air Coditioner (1HP) (Window Type)	(10) Nos

(ဂ) ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း

(1) Wire Stitching Machine	(4) Nos
(2) Air Corditioner (1.5HP) (Window Type)	(7) Nos
(3) Battery Charger	(1) No
(4) Clip on Amperer Meter (1 to 1000A)	(1) No
(5) Plain Paper Copier	(2) Nos

(ဃ) သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

(1) Computer e-Mac	(14) Nos
(2) Computer Pentium IV	(3) Nos
(3) Laser Printer A-4	(7) Nos
(4) Laser Printer A-3	(10) Nos
(5) Dot Matric Printer A-3	(5) Nos
(6) Scanner A-3	(5) Nos
(7) Cutting Machine	(3) Nos
(8) Generator	(1) No

(င) မြန်မာ့ရုပ်ရှင်လုပ်ငန်း

(1) TV Receiver -21" (Multi Colour/Hifi) & Video Cassette Recorder (Hifi)	(12) Sets
(2) 35 mm Fuji Colour Negative Film(400')	(200) Rolls

၂။ တင်ဒါပေးသွင်းမှုကို (၃–၉–၂၀၀၄)ရက် (၁၆:၃၀)နာရီတွင် ပိတ်သိမ်းပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

ပြည်တွင်း/ပြည်ပပစ္စည်းများ ဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
အမှတ်–၂၁၂၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။
ဖုန်း–၂၄၅၆၃၁၊ ၂၄၅၆၄၄၊ ၂၄၅၆၅၅။

လိုင်စာစဉ်
မြပုလဲခင်
တစ်မိုးအောက်မှာ
အုပ်(၁၀၀)ပြည့်အမှတ်တရ
လုံးချင်းဝတ္ထုသစ် ထွက်ပြီ

ဦးအောင်ဟိန်းကျော် Sep:2/4/6 စမည်
အင်္ဂလိပ်စကားပြော (အလွတ်မကျက်ဘဲပြောတတ်ရမည်)
အင်္ဂလိပ်စာရေးနည်း (အခြေခံမှစ၍ရေးတတ်အောင်သင်သည်)
၁၈၂ ဆိပ်ကမ်းသာလမ်းအလယ်၊ ရန်ကုန်။ ဖုန်း ၂၇၆၀၈၉

Job Vacancy
(for Local services only)

Pacific Pharmaceutical Ltd. တွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများအလိုရှိသည်။

Senior Accountant 1 Post(YGN)
- B.Com, CPA ဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး ၃–နှစ် ရှိပြီး၊ လုပ်ငန်းတစ်ခုလုံး၏ စာရင်းများအား တာဝန်ခံဆောင်ရွက်နိုင်ရမည်။
- Computerized Accounting ကျွမ်းကျင်ရမည်။

Admin Manager (Male) 1 Post (MDY)
- မန္တလေးရုံးခွဲတွင် လုပ်နိုင်ရမည်။
- ဘွဲ့ရရုံးလုပ်ငန်း၊ စတိုလုပ်ငန်းများအား စီမံအုပ်ချုပ်နိုင်ရမည်။
- လုပ်ငန်းစီမံအုပ်ချုပ်မှု အတွေ့အကြုံအနည်းဆုံး(၃)နှစ်ရှိရမည်။

Cashier 4 Posts(YGN)
- ဘွဲ့ရဖြစ်ရမည်။ ငွေကြေး ကိုင်တွယ်ထိန်းသိမ်းခြင်း အတွေ့အကြုံရှိရမည်။ ငွေကြေးတာဝန်ယူနိုင်ရမည်။

Sales Representative 5Posts (YGN)
- ခရီးသွားလာနိုင်သူဖြစ်ရမည်။ အရောင်းအဝယ်လုပ်ငန်း အတွေ့အကြုံရှိသူကို ဦးစားပေးမည်။
- အနည်းဆုံး(၁၀)တန်းအောင်ရမည်။ ဘွဲ့ရပြီးသူ ဦးစားပေးမည်။

အထက်ပါအလုပ်ကို စိတ်ဝင်စားသူသည် ဤကြော်ငြာသည် ရက်မှ(၁၀)ရက်အတွင်း မိမိတို့ကိုယ်ရေးရာဇဝင်၊ဓာတ်ပုံ(၂)ပုံ၊ ပညာအရည်အချင်းအထောက်အထား၊ ဆက်သွယ်ရန် ဖုန်းနံပါတ်၊ အိမ်လိပ်စာ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စု ဇယားမိတ္တူတို့နှင့်အတူ မိမိလျှောက်ထားလိုသောရာထူးကို တိကျစွာ ဖော်ပြ၍ Pacific Pharmaceutical Ltd. စာတိုက်သေတ္တာ အမှတ်(၁၅၂)ရန်ကုန်စာတိုက်ကြီး၊ရန်ကုန်မြို့သို့ပေးပို့ လျှောက်ထားနိုင်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
အမှတ် ၂၁၂ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့

လျှောက်လွှာခေါ်ယူခြင်း

၁။ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတွင် ဒုတိယကြီးကြပ်ရေးမှူး အဆင့်(လစာနှုန်းကျပ် ၅၇၀၀–၁၀၀–၅၂၀၀)ရာထူးနေရာများ အတွက် သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) အောက်ပါဒီပလိုမာ ရရှိသူများ ဖြစ်ရမည်-
(၁) A.G.T.I/GTC(Civil)
(၂) A.G.T.I/GTC(Mechanical)
(၃) A.G.T.I/GTC(Electrical)
(ဂ) နေ့/ည တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။
(ဃ) အနည်းဆုံးလုပ်သက် တစ်ဆက်တည်း (၅)နှစ်တာဝန် ထမ်းဆောင်ရန် ကတိခံဝန်ချုပ်ချုပ်ဆိုရမည်။
(င) အသက် ၃၅နှစ် ထက်မကြီးစေရ။
(စ) နေ့/ည လုပ်ငန်းတာဝန်ဆောင်ရွက်နေပြီးဖြစ်၍ အမျိုးသားများသာ သင့်တော်ပါသည်။

၂။ ရွေးချယ်ခန့်ထားခြင်းခံရသူများအား အောက်ပါအကျိုးခံစားခွင့်များရရှိမည်-
(က) ဒုတိယကြီးကြပ်ရေးမှူးရာထူး (လစာနှုန်းကျပ် ၅၇၀၀–၁၀၀–၅၂၀၀)နေရာတွင် ခန့်ထားမည်။
(ခ) လုပ်ငန်းကျွမ်းကျင်မှုနှင့် ထမ်းဆောင်နိုင်မှုအပေါ် မူတည်၍ ရာထူးအဆင့်တိုးမြှင့်ခြင်းနှင့် ပြည်ပသင်တန်းများသို့ စေလွှတ်ခြင်းပေးမည်။

၃။ လျှောက်လွှာများကို အောက်ပါစာရွက်စာတမ်းများနှင့်တကွ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်) ညွှန်ကြားရေးမှူး(စီမံ) အမှတ် ၂၁၂ သိမ်ဖြူလမ်း ရန်ကုန်မြို့သို့ ၃၁-၈-၂၀၀၄ရက်နေ့ နောက်ဆုံးထား၍ အရောက်ပေးပို့ရမည်-
(က) အောင်လက်မှတ်မိတ္တူနှင့် အမှတ်စာရင်းမိတ္တူ
(ခ) သက်ဆိုင်ရာမြို့နယ်ရဲစခန်းမှ လျှောက်ထားသူ ပါဝင်သည့် (ရ)ရက်ဂုဏ်သည့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း
(ဂ) မြို့နယ်အလုပ်သမားရုံး လုပ်သားမှတ်ပုံတင်ထားသည့် အလုပ်သမား (၂) ဓာတ်ပုံမိတ္တူ ထောက်ခံချက်
(ဃ) လိုင်စင်ဓာတ်ပုံနှစ်ပုံ (ဓာတ်ပုံနောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်ရေးသားရန်)
(င) ဝင်ကြေးငွေ ကျပ် ၂၀၀/- ပေးသွင်းသည့် ငွေလက်ခံဖြတ်ပိုင်း (သို့မဟုတ်)စာတိုက်ငွေပို့လွှာ (Money Order) ပြေစာ မူရင်း

၄။ စာမေးပွဲဝင်ကြေး ငွေကျပ် ၂၀၀/-ကို ရန်ကုန်မြို့ မြန်မာ စီးပွားရေးဘဏ်၊ ကော်ပိုရိတ်ငွေစာရင်းနံပါတ် အမှတ် (SEE-4201-N)သို့ထည့်သွင်း၍ သက်ဆိုင်ရာဘဏ်မှထုတ်ပေးသည့် ဘဏ်ပြေစာ (သို့မဟုတ်) ငွေပို့လွှာ (Money Order) ဖြင့် ပေးပို့ရမည်။

၅။ အသေးစိတ်အကြောင်းအရာများကို သတင်းနှင့်စာနယ်ဇင်း လုပ်ငန်း(ရုံးချုပ်)တွင် စုံစမ်းနိုင်ပါသည်။

Q . E . L . C
(BA(English) Diploma in ELT Cambridge Certificate in ELT)
4 SKILLS ENGLISH (Basic) ကို **AUG (28, 30)**
- Intermediate 4 Skills. Aug (28)
Grade(2)toGrade(10)English Skills Foundation.Sep(4)
IELTS, AUG (28) / TOEFL, AUG (30) / Writing

True Hope
ကိုက်(ရ) အခန်း(၂)၊
☎250352

ကလျာ (ဇိမ္မ–သိဂ္ဂ)၏
ဝတ္ထုသစ်
စနှင်းကူးစံအိမ်
ထွက်ပါပြီ

အမည်ပြောင်းခြင်း

ဦးကျော်သိန်း၏ သား ကောသောင်း အလက(ခွဲ)၊ အင်္ဂမတန်း(A)မှ ထက်နိုင်ဦးအား ယနေ့မှစ၍ မောင်ရဲဇင်နိုင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ရဲဇင်နိုင်။

ကျေးဇူးဆပ်ပါမည်

ကျွန်မ၏ နိုင်ငံကူးလက်မှတ် အမှတ် ၁၃၉၂၇၆ မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက ပြန်လည်ပေးပို့ပါ။

မအေးမြအောင်
ဖုန်း–၂၅၀၀၄၀။

ELITE
Engineering Group
P.L.C
Programmable Logic Controls (P.L.C)

INFORMATICS
COMPUTER CENTRE
✔ Diploma in Computer Studies (Year 1)
✔ Diploma in Info-Comm Technology (Year 1)
Diploma အောင်မြင်ပြီးပါက နိုင်ငံတကာတက္ကသိုလ်များတွင် ဒုတိယနှစ်သို့ ဆက်လက်တက်ရောက် နိုင်ပါသည်။
INFORMATICS (Myaynigone centre) - Ph: 525971,706740,4412285
INFORMATICS (Botataung centre) - Ph: 200343, 203188, 296829
INFORMATICS (Bahan centre) - Ph: 558360

သင်တန်းစရက် - ပြိုင်တွင် ၂၉ ရက်
သူငယ်ချင်းတွေ (၃ ယောက်နဲ့ အထက်) တုပ်စုဖွဲ့လာရင် စိတ်ဝင်စားဖွယ် **Discount** တွေရပါမယ်။

THAMES
Management Centre
✔ Diploma in Business Administration (Year 1)
✔ Diploma in Marketing & Public Relation (Year 1)
Diploma အောင်မြင်ပြီးပါက နိုင်ငံတကာတက္ကသိုလ်များတွင် ဒုတိယနှစ်သို့ ဆက်လက်တက်ရောက် နိုင်ပါသည်။
THAMES Yangon- 296829, 200343, 203188
THAMES Mandalay MICT Park- 89402, 89403

AKG (ပုဂ္ဂလိက) ကွန်ပျူတာ
(3.9. 2004) နေ့တွင်
AKG Computer Centre (Office/2003 Course)

"အိမ်ထောင်ရေး အထူးကုဆရာဝန်ဆောင်"
Ph - 705070, 09-80-22532, 200747 Ext : 2100



ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁က/၈၉၇၄ မော်တော်ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းအန်ဖန်း[၁၃/တကန(နိုင်)၀၁၇၄၀၀]မှ မော်တော်ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် (၁၀)ရက်အတွင်း ကညန၊ ခရိုင်ရုံး (လှိုင်လင်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ခရိုင်ရုံး(လှိုင်လင်)
လှိုင်လင်မြို့။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
(အောက်မြန်မာပြည်)
ရန်ကုန်အဝေးသင်တက္ကသိုလ်
ဘွဲ့နှင်းသဘင်ကျင်းပခြင်းကြေညာချက်

၁။ ရန်ကုန်အဝေးသင်တက္ကသိုလ်၏ (၂၀၀၂-၂၀၀၃)ပညာသင်နှစ်အတွက် ၂၀၀၃ခုနှစ် ဧပြီလနှင့် မေလတွင် ကျင်းပပြီးစီးခဲ့သော ဝိဇ္ဇာဘွဲ့နှင့် သိပ္ပံဘွဲ့ စာမေးပွဲများကို အောင်မြင်ပြီး တက်ရောက်ဘွဲ့ယူရန် (၂၈-၅-၂၀၀၄)ရက်နေ့နောက်ဆုံးထား၍ လျှောက်ထားပြီးသော ပုဂ္ဂိုလ်များအတွက် ဘွဲ့နှင်းသဘင်အခမ်းအနားများကို ရန်ကုန်တက္ကသိုလ်နယ်မြေရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပမည်ဖြစ်ပါသည်။ ဘွဲ့တက်ရောက်ယူရာတွင် မြန်မာဝတ်စုံ/ တိုင်းရင်းသားဝတ်စုံ/ အမျိုးသားများအတွက် အနောက်တိုင်းဝတ်စုံအနက်မှ မိမိကြိုက်နှစ်သက်ရာ ဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ အောက်ပါအစီအစဉ်အတိုင်း တက်ရောက်ရမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

၂။ ဘွဲ့နှင်းသဘင်အခမ်းအနားတက်ရောက်ကြမည့် ကျောင်းသူ/ကျောင်းသားများသည် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့အပ်နှင်းသည့်ရက်များတွင် မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်း အစဉ်အလာနှင့်အညီ လိုက်လျောညီထွေသော ဝတ်စားဆင်ယင်မှုများကိုသာ ဝတ်ဆင်ကြရန်နှင့် မြန်မာ့အသွင်ပျောက်နေသည့် သရုပ်ပျက်ဝတ်စားဆင်ယင်မှုများ ဝတ်ဆင်လာသူများကို အစမ်းလေ့ကျင့်ပွဲအပါအဝင် ဘွဲ့နှင်းသဘင်အခမ်းအနားများသို့ လုံးဝ တက်ရောက် ခွင့်ပြုမည်မဟုတ်ပါ။

၃။ (၄၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်

အထူးပြု/ဌာနခွဲ	အစမ်းလေ့ကျင့်ရက်	ဘွဲ့နှင်းသဘင်ရက်
မြန်မာစာ (ဒဂုံ)	၁၆-၉-၂၀၀၄(ကြာသပတေးနေ့)	၁၈-၉-၂၀၀၄(စနေနေ့)
(၃မ-၁မှ ၆၈၃ ထိ)	နံနက် ၉:၀၀နာရီ	နံနက် ၉:၀၀နာရီ
သချာၤ(ပြည်)	ခန်းမ(ရှေ့ခြမ်း)	(ပ-နံနက်)
သတ္တဗေဒ(ပြည်)		
မြန်မာစာ(ဒဂုံ)	၁၆-၉-၂၀၀၄(ကြာသပတေးနေ့)	၁၈-၉-၂၀၀၄(စနေနေ့)
(၃မ-၆၈၄နှင့်အထက်)	နံနက်၉:၀၀နာရီ	မွန်းလွဲ ၂:၃၀နာရီ
မြန်မာမှု(ဒဂုံ)	ခန်းမ(နောက်ခြမ်း)	(ပ-ညနေ)
စီးပွားရေး(မော်လမြိုင်)		
စီးပွားစီမံ(မော်လမြိုင်)		
အိမ်တွင်းစီးပွား(မော်လမြိုင်)		
ပြည်သူ့ရေးရာ(မော်လမြိုင်)		
ရုက္ခဗေဒ(ပြည်)		
ရုက္ခဗေဒ(စစ်တွေ)		
ပထဝီဝင်(ဒဂုံ)	၁၆-၉-၂၀၀၄(ကြာသပတေးနေ့)	၁၉-၉-၂၀၀၄(တနင်္ဂနွေနေ့)
(၃ပ-၁မှ ၆၇၄အထိ)	မွန်းလွဲ ၂:၀၀နာရီ	နံနက် ၉:၀၀နာရီ
အင်္ဂလိပ်စာ(ပြည်)	ခန်းမ(ရှေ့ခြမ်း)	(ဒု-နံနက်)
ရူပဗေဒ(ပြည်)		
ဓာတုဗေဒ(တောင်ငူ)		
